မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၂၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၇၂)

နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံ မင်္ဂလ မုတ္တမံ

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

အစားထိုးရွေးချယ်ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၁၉

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပခဲ့ပြီး တတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပကာ ညနေပိုင်းတွင် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

စာမျက်နှာ ၈ ကော်လံ ၁



သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

အမျိုးသားအကျိုးစီးပွားကို ထိပါးမလာရအောင် စောင့်ကြည့်ပြီး ထိန်းပေးနေမှာပဲ

တပ်မတော်သားကိုယ်စားလှယ်တွေရဲ့ တာဝန်က အမျိုးသား အကျိုးစီးပွားအတွက် မဖြစ်သင့်တာ မဖြစ်ရအောင် ထိန်းသိမ်းပေးဖို့ပဲ။ အမျိုးသားအကျိုးစီးပွားဆိုတာကလည်း အခြေခံကတော့ ဒီ့တာဝန်အရေးသုံးပါးပဲလေ။ ပြည်ထောင်စုမပြိုကွဲဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲဖို့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့ ဒီကိစ္စတွေကို ထိပါးမလာရအောင် စောင့်ကြည့်ပြီး ထိန်းပေးနေမှာပဲ။

စည်သူအောင်၏ ပစ်တိုင်းထောင်နိုင်ဖို့အတွက်ပါ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

20-3 (01) 1 3/20/08, 1:28 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၂၀ ရက်)

ပြည်သူများ ရောဂါဘယ ကင်းဝေးရေး အစားအစာမျိုးစုံကို စနစ်တကျစားသုံး

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အလေးထားကြရမည့် လိုအပ်ချက်ဖြစ်သည်။ လူတိုင်းကျန်းမာကြံ့ခိုင် သန်စွမ်းရေးအတွက် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် အရေးပါ၍ ထိရောက်မှုရှိသည်။

ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို ဂရုပြုလိုက်နာကြပြီး စနစ်တကျ နေထိုင်စားသောက်ကြရန် လိုအပ်သည်။

ယခုအခါ လူတို့သည် ကျန်းမာရေးရှုထောင့်အရ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အပါအဝင် အာဟာရဖြစ်မည့် အစားအစာများ စားသုံးခြင်းကို ပိုမိုနှစ်သက်လာခဲ့ကြသည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများသည် ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်မှုကို ဖြည့်ဆည်းပေးသည့်အပြင် သွေးလည်ပတ်မှု အားကောင်းစေပြီး ကိုလက်စထရော ကျဆင်းမှုကို အထောက်အကူပြုသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများသည် လူတို့၏ ကျန်းမာရေးအတွက် များစွာအကျိုးပြုလျက်ရှိသဖြင့် ယခုကဲ့သို့ အလေးထား စားသုံးလာကြခြင်းဖြစ်သည်။

ထို့အပြင် အဆီများသည့် အသားများစားသုံးခြင်းကို အာဟာရထက် ကျန်းမာရေးအရ ချင့်ချိန်စားသုံးလာကြသည်။ ငါးစားသုံးခြင်းသည် ကိုလက်စထရောဓာတ် နည်းပါးစေသဖြင့် အသားအစား ငါးကို ပိုမိုမှီဝဲစားသုံးလာကြသည်။

ဆီစားသုံးမှုတွင်လည်း ကျန်းမာရေးအတွက် ဘေးဥပဒ်ဖြစ်စေမည့် ပြည့်ဝဆီကို ရှောင်ရှားပြီး နှမ်းဆီ၊ မြေပဲဆီ၊ နေကြာဆီနှင့် သံလွင်ဆီစသည့် မပြည့်ဝဆီများကိုသာ အလေးထား သုံးစွဲကြရမည်ဖြစ်သည်။

အစာလည်းဆေး ဆေးလည်းအစာ ဆိုစကားနှင့်အညီ ကျန်းမာရေးအတွက် သင့်တင့်လျောက်ပတ်သည့် အစားအစာများကိုလည်း မျှတစွာ စားသုံးကြရန် လိုအပ်မည်ဖြစ်သည်။

သဘာဝအစားအစာများမှ ရရှိသော ဗီတာမင်များ၊ သတ္တုဓာတ်များသည် ဓာတ်တိုးကာကွယ်နိုင်သော အာနိသင်အပြည့်အဝ ပေးနိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးလည်းမရှိပေ။

သို့ဖြစ်ရာ ပြည်သူတို့ အသက်ရှည်ကျန်းမာကြံ့ခိုင်စွာ နေထိုင်နိုင်ရေးအတွက် သဘာဝမှရရှိသော သန့်ရှင်းလတ်ဆတ်သည့် အစားအစာမျိုးစုံကို စနစ်တကျ မျှမျှတတ စားသုံးကြခြင်းဖြင့် တိုင်းရင်းသား ပြည်သူများ ရောဂါဘယ ကင်းဝေးကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း လှိုင်မြို့နယ် ရတနာမွန်အိမ်ရာ ၁၁လမ်း အခန်း ၃၀၈ တိုက်၇နေ ဦးခင်မောင်ရွှေ-ဒေါ်မြမြဝင်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို မိုးမိတ်အနုနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ရွှေလောင်းလမ်းနေ မိဘနှစ်ပါးအား ရည်စူး၍ ဦးခင်မောင်လှနှင့် ဦးတင်မောင်ရီ မိသားစုတို့က ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်း ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီစာတပ်ပုံပြိုင်ပွဲနှင့် စာမူဆုရရှိသူများ ကြေညာ

နေပြည်တော် မတ် ၁၉

၂၀၀၇ခုနှစ် မြဝတီရောင်စုံ ဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆု ရရှိသူများစာရင်းကို သက်ဆိုင်ရာ စိစစ်ရေးအဖွဲ့မှ ထုတ်ပြန်ကြေညာလိုက်သည်။ မြဝတီရောင်စုံ ဓာတ်ပုံပြိုင်ပွဲတွင် ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)က တတိယဆုနှင့် ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)က နှစ်သိမ့်ဆု အသီးသီးရရှိကြသည်။

အသီးသီးရရှိ

၂၀၀၇ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး ကာတွန်းဆုကို ကာတွန်းရွှေရိုးကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ကို(တက္ကသိုလ်)၏ စစ်သားအိုး၏ နောက်ဆုံးတိုက်ပွဲကလည်းကောင်း၊ အကောင်းဆုံး ဆောင်းပါးဆုကို ထွန်းညို(စကု)၏ အလုပ်ဟူသည်ကလည်းကောင်း၊ အကောင်းဆုံး ဝတ္ထုတိုဆုကို ခြင်ကျား(မအူပင်)၏ သကြံန်ကြိုကျွဲက လည်းကောင်း၊ ငွေတာရီ မဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုကို ကာတွန်းမြေဇာက လည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မောင်ဟေမာ၏ပဋိရူပက လည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို မောင်မြင့်ကြည်(စာပေဗိမာန်)၏ မြန်မာကဗျာနှင့် ရသခံစား တတ်မှု သဘာဝကလည်းကောင်း၊ အကောင်းဆုံး ဝတ္ထုတိုဆုကို ဆင်ဖြူကျွန်း အောင်သိန်း၏ မစားလျှင် လျော့ရမည်က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို ကိုနိုင်း(ချင်းတောင်)၏ တောင်တန်းပေါ်မှာ နေခြည်ဆမ်းပြန်တော့ ငယ်ကျွမ်းကိုတဲ့ လွမ်းလှတယ်က လည်းကောင်း အသီးသီးရရှိကြသည်။

ကြေညာမည်

ဆုရရှိကြသူများအား မြဝတီရုပ်မြင်သံကြားနှစ်ပတ်လည်နေ့ အခမ်းအနားတွင်ဆုချီးမြှင့်မည်ဖြစ်ပြီး ဆုရရှိသူများသည် မြဝတီစာပေတိုက် ဖုန်း-၆၄၂၂၀၄၊ ၆၄၂၂၀၃နှင့် ၆၄၁၃၈၁တို့သို့ ကြိုတင်ဆက်သွယ် သတင်းပို့ကြရန် ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ထပ်မံအကြောင်းကြား ကြေညာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀-၃-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၃၂)
၆း၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၈၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာခေါ်** (အပိုင်း-၃)

ဘိုးဘွားမိဘများအား ရည်စူး၍ ဦးအောင်ဇော်မြင့် - အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာ မြတ်မြတ်အုန်းခင်နှင့် သားသမီးများက ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးသို့ ရေသန့်စက် တစ်လုံးနှင့် အလှူငွေကျပ် ခုနစ်သိန်းကို မတ်၁၂ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ စမ်းစမ်းလှိုင်က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၁၃၅)

ကုဋ္ဌိတံ စူဠာမုဏိစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူမည်

ရန်ကုန် မတ် ၁၉

မရမ်းကုန်းမြို့နယ် ၃ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရွှေကျင်ကျောင်းသစ် ဝင်းအတွင်း၌ တည်ထားပြီးစီးအောင်မြင်ပြီးသော ကုဋ္ဌိတံစူဠာမုဏိစေတီတော် မြတ်ကို ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲအား မတ်၂၃ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့်ဓမ္မမိတ်ဆွေများ ကြွရောက် ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ **(က-ပ)**

ဝိပဿနာအလုပ်ပေး ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဝေနေယျသုခ ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒသာရ (မယ်လမုဩဝါဒါစရိယ၊ မြို့နယ်ဩဝါဒါစရိယ)က နိဗ္ဗာန်သွားရန် ခရီးမှန်၊ နိဗ္ဗာန်သွားနည်းမဂ်ခရီး အာနာပါနဝိပဿနာ အလုပ်ပေးတရားစခန်းကို (တန်ခူးလဆန်း၆ရက်)ဗြို ၁၁ရက် (သောကြာနေ့)မှ (တန်ခူးလဆန်း ၁၂ ရက်)ကြာသပတေးနေ့အထိ ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားအားထုတ်လိုသူ ယောဂီများ အဆိုပါ ကျောင်းတိုက်သို့ (တန်ခူး လဆန်း၁ရက်) ဧပြီ ၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သာသနာတော် ကွယ်ပျောက်စေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများအား သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က မျက်ခြည်မပြတ် တက်ကြွစွာ ဖယ်ရှားတားမြစ်

သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားအောင် အားသွန်ခွန်စိုက်ဆောင်ရွက်

ရန်ကုန် မတ် ၁၉

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ (မတ် ၁၇ရက်)တွင် သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်နယ်/တိုင်းအသီးသီးတို့မှ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဦးတည်ချက်ဖြင့် ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင် ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

"မမ သီသာဗာခံ မမ ဥဒရာဗာဓေန္တိ ကိဉ္စိ ရောဂံ အနပဒိသိတွာ"ဟူသော သာသနာ့အာဇာနည် မဟာထေရ်အရှင်မြတ်တို့၏ ခံယူချက်အတိုင်း ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကို ရှုငဲ့တော်မမူကြဘဲ"သမဏကိစ္စတော အညကိစ္စာနိ အဓ္ဈုပေက္ခိတွာပိဋ္ဌိကတွာ"ဟူသော သာသနာ့အာဇာနည်မဟာထေရ်တို့၏ ကျင့်ထုံးကို နှလုံးမူလျက် ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို လျစ်လျူရှုကာ သာသနာတော်အရေးကိစ္စကိုသာ အလေးဂရုပြု၍ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့၏ သာသနာ့စိတ်ဓာတ်ကို လေးမြတ်ကြည်ညိုလျက် သာသနာတော်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ,စာဂ,စရိယတို့ကို ပြည့်ဝအောင် ဖြည့်ကျင့်ဆည်းပူးတော်မူ၍ ရရှိတော်မူခဲ့သော သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် လူ,နတ်,ဗြဟ္မာ သတ္တဝါအများ၏ အကျိုးစီးပွားအလို့ငှာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုတည်ထောင်အပ်ပြီးသော သာသနာတော်မြတ်ကြီးကို အဓွန့်ရှည်ကြာစွာ တည်တံ့အောင် လက်ဆင့်ကမ်းထမ်းဆောင်နိုင်ကြမည့် ပဥ္စဝဂ္ဂီငါးပါးတို့နှင့် တကွ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်, အရှင်မဟာကဿပ, အရှင်ဥပါလိစသော သာဝကတို့ကို ရဟန်းပြုပေးတော်မူလျက် သံဃာ့အဖွဲ့အစည်းကြီးကိုလည်း ဖွဲ့စည်းတည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုသံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို ဘုရားရှင်လက်ထက်တော်မှစ၍ လက်ဆင့်ကမ်းထမ်းဆောင်တော်မူလာခဲ့ကြရာ ယခုမျက်မှောက်ခေတ်တိုင်အောင် နှစ်ပေါင်း(၂၅၅၁) ခုနှစ်သို့ ရောက်ခဲ့ပါပြီဘုရား။

ထိုနှစ်ပေါင်း (၂၅၅၁)နှစ်ဟူသော ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရသည့် ဗုဒ္ဓသာသနာတော်ကြီးသည်–

"ခေါက်ရာငှက်ပျံ ခင်ပုပ်ပျံနှင့် ဘုတ်ပျံရှုးပျံ လောကဓံဟု
ထုံးစံတရား ဤရှစ်ပါးကား ပိုင်းခြားလူမှာ မမြဲစွာတည့်"

ဟူသော မန်လည်ဆရာတော်ဘုရားကြီး၏ လင်္ကာဆောင်ပုဒ်အတိုင်းပင် မြင့်ချည်တစ်ခါ၊ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း အတက်အကျရှိခဲ့ပါသည်။ ဖြောင့်ဖြူးသာယာသည့် ခရီးချောကိုသာ လျှောက်လှမ်းခဲ့ရသည်မဟုတ်ဘဲ ဝိတက္ကာဘေး ရှုပ်ထွေးထူပြော မချောမမွေ့သည့် ခရီးကြမ်းကြီးများကိုလည်း လျှောက်လှမ်းခဲ့ရပါသည်ဘုရား။

ဗုဒ္ဓသာသနာတော် စတင်ပေါ်ထွန်းခဲ့ရာဖြစ်သည့် အိန္ဒိယနိုင်ငံကြီးနှင့်တကွ ရှေးခေတ်က ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သည့် မြန်မာ့အိမ်နီးချင်းနိုင်ငံများ၌ ဗုဒ္ဓသာသနာတော် ကွယ်ပျောက်၍ အခြားဘာသာ သာသနာများဝင်ရောက် လွှမ်းမိုးနေသည်ကိုထောက်ရှုပါက မည်မျှကြမ်းတမ်းလှသည့်ခရီးကို လျှောက်လှမ်းခဲ့ရကြောင်း သိသာထင်ရှားလှပါသည်ဘုရား။

တပည့်တော်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌လည်း သာသနာပြုမင်းကောင်းမင်းမြတ်များလက်ထက် သထုံခေတ်, ပုဂံခေတ်စသော ခေတ်ဦးပိုင်းကာလ၌ ဗုဒ္ဓသာသနာတော် အံ့မခန်းထွန်းတောက်ခဲ့သော်လည်း သာသနာတော်ကို လျစ်လျူရှုထားသော အချို့ အချို့သော ဘုရင်များလက်ထက်၌ကား ဗုဒ္ဓသာသနာတော် လွန်စွာညှိုးမှိန်ခဲ့ရပါသည်။ ပွဲကျောင်းဂိုဏ်းသံဃာများလက်ထက်၌ သာသနာပိုင်ကိုယ်တိုင် လက်ဖွေ့ထိုးသည်ကို ဘုရင်ကိုယ်တိုင်တက်ရောက် အားပေးခဲ့ကြောင်း သာသနာ့မှတ်တမ်းများ၌ တွေ့မြင်ဖတ်ရှုရသဖြင့် ဤမျှအထိပင် ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်ခဲ့ရပါတကားဟု သံဝေဂဖြစ်မိပါသည်ဘုရား။

တပည့်တော်များ သိမီရာ နောက်ပိုင်းခေတ်၌ နယ်ချဲ့တို့၏လက်အောက် ကျရောက်ပြီး နှစ်ပေါင်းရာချီ၍ အုပ်စိုးခံခဲ့ရခြင်း၊ ကြောက်ခမန်းလိလိဖြစ်သော စစ်ဘေးစစ်ဒဏ်ကို အလူးအလဲခံခဲ့ရခြင်းစသော လောကဓံဆိုးများနှင့် ကြိမ်ဖန်များစွာ ရင်ဆိုင်ခဲ့ရသည့်အတွက် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ သာသနာ့စိတ်ဓာတ်ပျက်ပြားကာ ဝိနည်း၊ သိက္ခာပုဒ်တော်များကို လေးလေးစားစား မကျင့်သုံးကြတော့ဘဲ မိစ္ဆာဇီဝ အနေသနမှုတို့ကို ပြုလုပ်ခြင်း၊ လူပြိန်းကြိုက် အဓမ္မဝါဒများကို ဟောပြောကြလျက် သာသနာ့ စင်ပြိုင်အဖွဲ့အစည်းများ တည်ထောင်ခြင်းစသော သာသနာ့အန္တရာယ်များ ပေါ်ပေါက်လာ၍ သာသနာတော် ညှိုးမှိန်ခဲ့ရပါသည်။ ရဟန်းတု၊ ရဟန်းယောင်များလည်း မြို့ရွာဒေသ အနှံ့အပြား ပေါ်ပေါက်ခဲ့ကြပါသည်ဘုရား။

ဤသို့သော သာသနပစ္စတ္ထိက သာသနာ့အန္တရာယ်များကို ပယ်ရှားသုတ်သင်လျက် သာသနာတော်သန့်ရှင်း, တည်တံ့, ပြန့်ပွားစေရန် ရည်သန်တော်မူကြ၍ ပြည်နယ်/တိုင်း အသီးသီး, ဂိုဏ်းအသီးသီးတို့မှ သာသနာ့ဦးသျှောင် ဆရာတော်ဘုရားကြီးများသည် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုကိုရယူကြလျက် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ၁၂၁၈ပါးတို့ တက်ရောက်ကြသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပကာ "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း"နှင့် "လုပ်ထုံးလုပ်နည်းများ"ကို အတည်ပြုပြဋ္ဌာန်းတော်မူကြပြီးလျှင် ယင်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက်၊ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်အထိ သံဃာ့ဝန်ဆောင်, သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းလျက် သာသနာတော်သန့်ရှင်း, တည်တံ့, ပြန့်ပွားရေးဟူသော သာသနာ့ကိစ္စတို့ကို ဆောင်ရွက်လာခဲ့ကြသည်ကို ဆရာတော်ဘုရားများ သိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

သံဃာ့အဖွဲ့အစည်းကြီး အခိုင်အမာတည်တံ့ရေးအတွက် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် အဓိကဖြစ်ပါသည်။ "ဝိနယော နာမဗုဒ္ဓ သာသနဿ အာယု"ဟူသော ဝိနယအဋ္ဌကထာနှင့်အညီ ဝိနည်းသည် မြတ်စွာဘုရားသာသနာတော်၏ အသက်ဖြစ်သကဲ့သို့ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း သံဃာ့အဖွဲ့အစည်းကြီး ကျစ်လျစ်ခိုင်မာစွာ တည်တံ့ရေးအတွက် အသက်သွေးကြောပင် ဖြစ်ပါသည်။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းသည် သာမည မည်ကာမတ္တ ရေးဆွဲပြဋ္ဌာန်းထားသော စည်းမျဉ်းမဟုတ်ပါ။ "သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း"ကို နိုင်ငံတစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံသံဃာတော် အပေါင်းက ရွေးချယ်စေလွှတ်အပ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်၁၂၁၈ပါးတို့တက်ရောက်သော ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ကောဇာသက္ကရာဇ်၁၃၄၂ခုနှစ် နယုန်လဆန်း၁၃ရက်၊ ခရစ်နှစ် ၁၉၈၀ပြည့်နှစ် မေလ၂၅ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်"ကို သံဃာ့ကိုယ်စားလှယ် ဆရာတော် ၁၃၃၆ ပါး တက်ရောက်သည့် ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ကောဇာသက္ကရာဇ် ၁၃၄၇ ခုနှစ် နယုန်လဆန်း ၁၁ ရက်၊ ခရစ်နှစ် ၁၉၈၅ ခုနှစ် မေလ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

"သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း ဒုတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ချက်"ကို သံဃာ့ကိုယ်စားလှယ်ဆရာတော် တစ်ထောင့်ခုနစ်ရာကျော် တက်ရောက်သည့် စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ကောဇာသက္ကရာဇ် ၁၃၅၆ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်၊ ခရစ်နှစ် ၁၉၉၅ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ သို့ဖြစ်၍ ယခုလက်ရှိ "ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း"သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံသံဃာတော်တို့က သမ္မုတိပေး ရွေးချယ်စေလွှတ်အပ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ တက်ရောက်ကြသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက သုံးကြိမ်တိုင်တိုင် အတည်ပြု ပြဋ္ဌာန်းထားသော "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း" ဖြစ်ပါသည်။

ဤသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကသော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကသော်လည်းကောင်း ပယ်ဖျက်ရုပ်သိမ်းမှု မပြုသေးသမျှ ကာလပတ်လုံး တည်မြဲနေမည်သာဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း တည်မြဲနေသမျှကာလပတ်လုံး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှစ၍ ရပ်/ကျေး သံဃနာယကအဖွဲ့အထိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်လည်း တည်မြဲနေမည်သာဖြစ်ပါသည်။ ထိုသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က လုပ်ထုံးလုပ်နည်းများ၌ ပြဋ္ဌာန်းထားသော မိမိတို့ဆိုင်ရာ သာသနာ့လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နေကြပါက မြန်မာပြည် သာသနာတော်မြတ်ကြီးလည်း တည်တံ့ခိုင်မြဲနေမည်သာ ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဗုဒ္ဓရှင်တော်မြတ်က သာသနာတော်ကွယ်ပျောက်ရခြင်းအကြောင်းကို–

"န ခေါ ကဿပ ပထဝီဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န အာပေါဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န တေဇောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ, န ဝါယောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ အထ ခေါ ဣဓေဝ တေ ဥပ္ပဇ္ဇန္တိ မောဃပုရိသာ၊ ယေ ဣမံ သဒ္ဓမ္မံ အန္တရဓာပေတိ။ သေယျထာပိ ကဿပ နာဝါ အာဒိကေနေဝ ဩပိလဝတိ၊ န ခေါ ကဿပ ဧဝံ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ"ဟု ဟောတော်မူခဲ့ပါသည်ဘုရား။ ။ (သံ၊ ၁၊ ၄၂၃)

ထိုဒေသနာ၏ အဓိပ္ပာယ်အကျဉ်းချုပ်မှာ"သာသနာတော်သည် ဓာတ်လေးပါး ပျက်၍ ကွယ်ပျောက်ရသည်မဟုတ်၊ သာသနာတော်အတွင်းမှာ ဖြစ်ကြသည့် (သာသနာ့အတွင်းသား)မောဃပုရိသခေါ် ရဟန်းသာမဏေများ ကြောင့်သာ သာသနာတော်ကွယ်ပျောက်ရသည်၊ ဝန်တင်သောလှေသည် ဝန်ပြည့်ခြင်းကြောင့် နစ်မြုပ်ရသကဲ့သို့ ဤအတူ ပရိယတ်စသည်ပြည့်ခြင်းကြောင့် သာသနာတော် ကွယ်ပျောက်ရသည်မဟုတ်၊ သာသနာ့တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်ကြဘဲ သာသနာတော်ကြီး ကွယ်ပျောက်နစ်မြုပ်သွားအောင် ဖိစီးနေကြသည့် မောဃပုရိသခေါ် သာသနာ့ဝန်စီးများကြောင့်သာ သာသနာတော်ကွယ်ပျောက်ရသည်"ဟု ဟောတော်မူလိုရင်း ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဤဗုဒ္ဓရှင်တော်မြတ် မိန့်မှာတော်မူခဲ့သည့်အတိုင်းပင် ယခုအခါ သာသနာတော်ကို ကွယ်ပျောက်စေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ ပေါ်ပေါက်နေသည်ကို ဆရာတော်အရှင်မြတ်တို့ ကြားသိတော်မူကြပြီး ဖြစ်ပါလိမ့်မည်ဘုရား။ ထို့ကြောင့်–

"ငါ့ရှင်တို့ ...
ဓမ္မ၏ ဆန့်ကျင်ဘက်ဖြစ်သော အဓမ္မမထွန်းကားမီ၊
တရားစစ်တရားမှန်ဖြစ်သော ဓမ္မကိုမတားမြစ်မပိတ်ပင်အပ်မီ
(တားမြစ်ပိတ်ပင်ခြင်းမခံရမီ),
ဝိနည်း၏ ဆန့်ကျင်ဘက်ဖြစ်သော အဝိနယ မထွန်းကားမီ၊
သံဝရဝိနည်း, ပဟာနဝိနည်းဟူသော ဝိနည်းစစ် ဝိနည်းမှန်ကို မတားမြစ်မပိတ်ပင်အပ်မီ (တားမြစ်ပိတ်ပင်ခြင်းမခံရမီ),
အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အင်အားမကောင်းမီ၊
ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အင်အားမနည်းမီ၊
အဝိနယဝါဒီပုဂ္ဂိုလ်တို့ အင်အားမကောင်းမီ၊
ဝိနယဝါဒီပုဂ္ဂိုလ်တို့ အင်အားမနည်းမီ၊
ငါတို့ ယခုနှယ်က ကြိုတင်၍ ဓမ္မဝိနယကို သံဂါယနာတင်ကြစို့"

ဟူသော အရှင်မဟာကဿပ မဟာထေရ်မြတ်၏ တပ်လှန့်နှိုးဆော်တိုက်တွန်းတော်မူသည့် ဥယျောဇနကထာကို ဦးထိပ်မှာပန်ဆင်၍ သာသနာတော်မြတ်ကြီးကို ကွယ်ပျောက်ပျက်စီးစေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ ယခုထက်ပို၍ အင်အားမကောင်းမီ၊ သာသနာတော်ကို မိမိဥစ္စာအသွင် ချစ်ခင်မြတ်နိုးတော်မူကြသည့် သာသနမာမကထေရ်အရှင်တို့ ယခုထက်ပို၍ အင်အားမနည်းမီ ယခုကပင် ကြိုတင်၍ သာသနာ့ဘေးရန် အန္တရာယ်များကို ပယ်ရှားတားမြစ်တော်မူကြ၍ သာသနာတော်မြတ်ကြီး သန့်ရှင်း,တည်တံ့,ပြန့်ပွားအောင် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူကြရန် အချိန်အခါကျရောက်နေပါပြီဘုရား။

ထို့ကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ပါဝင်သော ဆရာတော်အားလုံးတို့သည် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်အောင် လေ့လာကြစေရန်, စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ချင်လာကြစေရန် နာယကသင်တန်းများပေးခြင်း, သာသနာသန့်ရှင်း, တည်တံ့,ပြန့်ပွားစေလိုသောစိတ်ဓာတ်များ ဖြည့်တင်းပေးခြင်းဖြင့် သံဃာ့အဖွဲ့အစည်းများ၏ အရည်အချင်းကို မြှင့်တင်ပေးသင့်ပါသည်။ ထို့ပြင် ဝိနည်းဓိုရ်ဆရာတော်များ၏ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှု အားနည်းခြင်းကြောင့်လည်း ဝိနိစ္ဆယများ ချွတ်ယွင်းခြင်း, ပီပြင်မှုမရှိခြင်းစသည်များလည်း တွေ့ကြုံနေရပါသည်။ ဝိနိစ္ဆယများ ချွတ်ယွင်းမှု, မပီပြင်မှုစသည်တို့ကို အထူးဂရုစိုက်နေရသည့်အတွက်လည်း သံဃနာယကအဖွဲ့များမှာ အခြားအရေးကြီးသော သာသနာ့ကိစ္စများကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်မှု အားနည်းလာပါသည်။ သို့အတွက် ဝိနည်းဓိုရ်များအားလည်း ဝိနည်းဓိုရ်သင်တန်းများပေး၍ အရည်အချင်း မြှင့်တင်သင့်ပါသည်။ နိုင်ငံတော်မှစ၍ ရပ်/ကျေးအထိ သံဃာ့အဖွဲ့အစည်းများ ကျစ်လျစ်ခိုင်မာစွာ တည်တံ့နိုင်အောင် "သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း" နှင့် "လုပ်ထုံးလုပ်နည်းများ"၌ ပျော့ကွက် ဟာကွက် လိုအပ်ချက်များကို လေ့လာစိစစ်၍ ဖြည့်စွက်, ပြင်ဆင်, ဖြုတ်ပယ်သင့်သည်များကို ဖြည့်စွက်,ပြင်ဆင်,ဖြုတ်ပယ်လျက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ ယခုထက် ကျစ်လျစ်ခိုင်မာစွာ တည်တံ့နိုင်အောင် ပြုလုပ်သင့်ပါသည်။

ဤသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဦးဆောင်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အကူအညီကိုရယူလျက် အထက်အဖွဲ့အစည်းများနှင့် အောက်အဖွဲ့အစည်းတို့ ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်းပြီးလျှင် မျက်ခြည်မပြတ် သတိချပ်လျက် တက်တက်ကြွကြွ လက်တွဲဆောင်ရွက်ကြပါလျှင် သာသနာတော်ကို ကွယ်ပျောက်စေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ တစ်စတစ်စကင်းကွယ်ပပျောက်သွားနိုင်ဖွယ်ရှိပါသည်။ လုံးဝကင်းကွယ်ပပျောက်မသွားစေကာမူ နည်းပါးသွားမည်မှာ ဧကန်ဖြစ်ပါသည်။ ထို့ကြောင့် ဤ သာသနာ့အန္တရာယ် ကာကွယ်တားမြစ်ရေးကိစ္စကို သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်လျက် အလေးအနက်ထားကာ ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းလျက် တပည့်တော်၏ သမ္မောဒနီယ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ ဘုရား။ ။

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မြောက်ဘက်ရင်ပြင် အာရုံခံတန်ဆောင်း တည်ဆောက်ရန် တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် သစ္စာလမ်းနေ ဦးလှဖေ–ဒေါ်အုန်းမြိုင် မိသားစုက အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးကိုရည်တို့က လက်ခံယူစဉ်။ (က–ပ)

20-3 (03) 1 3/20/08, 1:28 AM

ကိုမိုရို အစိုးရတပ်များနှင့် သူပုန်တို့ တိုက်ပွဲဖြစ်ပွား သူပုန်အများအပြားသေဆုံးပြီး အစိုးရတပ်သားနှစ်ဦး ဒဏ်ရာရ

မိုရိုနီ မတ် ၁၉

ကိုမိုရိုနိုင်ငံအစိုးရတပ်များသည် သူ့ကိုယ်သူ သမ္မတဟု ကြေညာထားသည့် ခွဲထွက်ရေးခေါင်းဆောင် မိုဟာမက် ဘာကာကို သစ္စာစောင့်သိသည့် အင်ဂျူအန်ကျွန်းမှ တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

မိုဟာမက်ဘာကာကို ဖယ်ရှားရန် အာဖရိကသမဂ္ဂ(အေယူ)ဦးဆောင်သည့် တပ်များ အင်ဂျူအန်ကျွန်းသို့ ချင်းနင်း မဝင်ရောက်မီ အထက်ပါအတိုင်း တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အင်ဂျူအန်ကျွန်းမှ သူပုန်တပ်များအား ဒုတိယအကြိမ် စစ်ဆင်တိုက်ခိုက်စဉ် အစိုးရတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း၊ သူပုန်တပ်သားဒါဇင်နှင့်ချီ၍ သေဆုံးကြောင်း၊ ကိုမိုရို စစ်ဦးစီးချုပ် ဗိုလ်မှူးကြီး မိုဟာမက်ဆာလီမိုးက ကြေညာသည်။

သို့သော် ကိုမိုရိုသမ္မတအာမက် အဗ္ဗဒူလ်ဆမ်ဘီအနေဖြင့် သူ့ကိုရာထူးမှ ဖယ်ရှားရန် အာဏာမရှိကြောင်း ဘာကာက ပြောကြားသည်။

၁၉ကြိမ်

ကိုမိုရိုနိုင်ငံသည် ၁၉၇၅ခုနှစ်တွင် ပြင်သစ်လက်အောက်ခံဘဝမှ လွတ်လပ်ရေးရကတည်းက အာဏာသိမ်းမှုနှင့် အာဏာသိမ်းရန် ကြိုးပမ်းမှု စုစုပေါင်း ၁၉ကြိမ် ကြုံခဲ့ရသည်။ **(အင်တာနက်)**

အပျက်အစီး

ယီမင်နိုင်ငံတောင်ပိုင်းအေဘယန်ပြည်နယ်ဂျာအာရ်မြို့တွင် အဆောက်အအုံတစ်ခု ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကူဝိတ်ဝန်ကြီးအဖွဲ့ နုတ်ထွက်စာများတင်

ကူဝိတ် မတ် ၁၉

ကူဝိတ်ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့သည် ယင်းတို့၏ နုတ်ထွက်စာများကို ဝန်ကြီးချုပ် ရှိက်နက်ဆာအယ်လ်မိုဟာမက်ထံသို့ မတ် ၁၇ရက်တွင် တင်ပြခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကူနာသတင်းဌာနက ကိုးကားဖော်ပြသည်။

ပထမ ဒုတိယ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးအပါအဝင် ကျန်ဝန်ကြီးဌာနဝန်ကြီးများသည် ယင်းတို့၏နုတ်ထွက်စာများကို ဝန်ကြီးချုပ်ထံ တင်ပြခဲ့ကြောင်း၊ အစိုးရအဖွဲ့ နိုင်ငံခြားရေးဝန်ကြီး ဖိုင်ရှယ်အယ်လ်ဟက်ဂျီက ပြောကြားသည်ကို ၎င်းသတင်းဌာနက ကိုးကားဖော်ပြသည်။

ပြောကြား

ယင်းကိစ္စနှင့် ပတ်သက်ပြီး ဝန်ကြီးချုပ်က ၎င်းအနေဖြင့် လုပ်ပိုင်ခွင့်မရှိကြောင်း၊ ဘုရင်ထံ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အရိုးအဆစ်ကိုက်ခဲသော ဝေဒနာရှင်များ သစ်သီးဝလံစားသုံးလျှင် လေဖြတ်ခြင်းနှင့် နှလုံးရောဂါကာကွယ်ပေးနိုင်

လန်ဒန် မတ် ၁၉

အရိုးအဆစ်ကိုက်ခဲတတ်သော ဝေဒနာရှင်များသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ(အောက်ပုံ)ကို စားသုံးပေးခြင်းဖြင့် လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း ဗြိတိသျှဆေးသုတေသနပညာရှင်များက ပြောကြားသည်ကို မတ် ၁၇ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆီနည်းသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို စားသုံးပေးခြင်းဖြင့် ကိုလက်စထရောဓာတ် လျှော့ချပေးနိုင်ကြောင်း၊ သို့ရာတွင် ယင်းတို့အနက်မှ လူပေါင်း ၃၈ဦးအား နေ့စဉ်စားသုံးသော အစားအစာများတွင် ပရိုတိန်း ၁၀ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ် ၆၀ရာခိုင်နှုန်းနှင့်အဆီဓာတ် ၃၀ရာခိုင်နှုန်းပါဝင်သော အစားအစာများကို စားသုံးစေသည်။

စားသုံး

ယင်းတို့အနက်မှ အဆစ်အမြစ်ရောင်ရမ်းနာ ဖြစ်ပွားနေသူ ၂၈ဦးတို့အား နေ့စဉ်စားသုံးသော အစားအစာများတွင် ၁၀ရာခိုင်နှုန်း မကျော်စေဘဲ စားသုံးစေသည်။

အထက်ပါအချက်နှစ်ချက်ကို နှိုင်းယှဉ်လေ့လာကြည့်ခဲ့ရာ အဆီဓာတ်နည်းသော ဟင်းသီးဟင်းရွက်များကို စားသုံးသူများသည် ကိုလက်စထရောဓာတ်ကို လျှော့ချပေးနိုင်ပြီး လေဖြတ်ခြင်းနှင့် နှလုံးရောဂါ ရုတ်တရက်တိုက်ခိုက်ခံရခြင်းတို့မှ လျော့ပါးစေနိုင်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အဆီနည်းသော အသီးအရွက်များစားသုံးခြင်းကြောင့်အရေးကြီးသော အာဟာရဓာတ်များ ပြည့်ဝရန် ခဲယဉ်းလိမ့်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်နိုင်ငံ၌ အရိုးအဆစ်ရောင်ရမ်းဝေဒနာရှင် ၃၅၀၀၀၀ ရှိသည်။

အီရတ်မြောက်ပိုင်း နယ်ခြားဂိတ်အနီး၌ ဗုံးဖောက်ခွဲတိုက်ခိုက်

ဘဂ္ဂဒက် မတ် ၁၉

အီရတ်နိုင်ငံ မြောက်ပိုင်း နယ်ခြားစစ်ဆေးရေးဂိတ်အနီး၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် စကားပြန်တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးပါရှိကြောင်း မတ် ၁၅ရက်တွင် အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ဖော်ပြ

ယင်းဖြစ်ပွားမှုသည် မတ် ၁၄ရက်က မိုဆူးလ်မြို့အနောက်မြောက်ပိုင်း ကီလိုမီတာ၂၀အကွာ၌ အသေခံဖောက်ခွဲရေးသမားသည် ၎င်းခန္ဓာကိုယ်အတွင်း ဖောက်ခွဲရေးပစ္စည်းများပါရှိလျက် အာဘီယန်နယ်ခြားဂိတ်အား ဖြတ်ကျော်သွားရောက်ရန်လုပ်ဆောင်စဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးထောင်ထားသည်ဟူသော သတင်းကြောင့် လေယာဉ်ခရီးစဉ် နောက်ကျခဲ့ရ

ကိုင်ရို မတ် ၁၉

အီဂျစ်နိုင်ငံမှ ခရီးသည်တင် လေကြောင်းလိုင်းတစ်ခု၏ လေယာဉ်တစ်စင်းသည် မတ်၁၈ရက်က အေသင်မြို့သို့ ပျံသန်းမည့်လေယာဉ်ပေါ်၌ ဗုံးထောင်ထားသည်ဟူသော သတင်းကြောင့် လေယာဉ်ခရီးစဉ် နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

ရှာဖွေ

ခရီးသည် ၁၄၈ဦးကို တင်ဆောင်ကာ ပြည်တွင်းခရီးစဉ်တစ်ခုသို့ ပျံသန်းရန်စတင်စဉ် လေယာဉ်ပေါ်၌ ဗုံးပါရှိသည်ဟူသော တယ်လီဖုန်းဖြင့် သတိပေးမှုကြောင့် လေယာဉ်ပျံသန်းမည့် အစီအစဉ်ကို ရွှေ့ဆိုင်းကာ လေယာဉ်ပေါ်၌ ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြခြင်းဖြစ်သည်။

ပြောကြား

ထိုသို့ ဗုံးသတိပေးချက်ကြောင့် ခရီးသည် ၁၄၈ဦးလုံး ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ မိမိတို့ အတတ်နိုင်ဆုံး ရှာဖွေစစ်ဆေးခဲ့ကြောင်း မည်သည့် သံသယအထောက်အထားမျှ မတွေ့ရကြောင်း အီဂျစ်လေကြောင်း အရာရှိများက ပြောကြားသည်။

နောက်ကျခဲ့ရ

လေယာဉ်ပေါ်၌ ဗုံးရှာဖွေမှုကြောင့် လေကြောင်း ပျံသန်းချိန် နှစ်နာရီနောက်ကျခဲ့ရသည်ဟု ၎င်းတို့ကပြောကြားသည်။

(အင်တာနက်)

ဘဝအမောပြေ

မှတ်မိလိုက်ပုံက. . .

လူတစ်ဦးအားတိုက်ပြီး မောင်းပြေးသွားသော ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာသို့ ယာဉ်ထိန်းရဲတစ်ဦး ရောက်ရှိလာပြီး အနီးရှိကလေးငယ်များအား အောက်ပါအတိုင်း မေးလေသည်။

ယာဉ်ထိန်းရဲ ။ ။ ယာဉ်တိုက်မှုဖြစ်တော့ မင်းတို့ဒီနေရာမှာ ရှိနေလား။
ကလေးငယ် ။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့ရှိနေပါတယ်။
ယာဉ်ထိန်းရဲ ။ ။ ယာဉ်တိုက်တာ မင်းတို့တွေ့မှာပေါ့။
ကလေးငယ် ။ ။ ကျွန်တော်တို့မြင်လိုက်ပါတယ်။
ယာဉ်ထိန်းရဲ ။ ။ ဒါဆိုရင် မောင်းပြေးသွားတဲ့ ကားနံပါတ်ကို မှတ်မိလား။
ကလေးငယ် ။ ။ ဟုတ်ကဲ့ မှတ်မိပါတယ်။
ယာဉ်ထိန်းရဲ ။ ။ ဒါဆိုရင် အဲဒီကားနံပါတ်ကို ပြောပြပါဦး။
ကလေးငယ် ။ ။ ဂါလန် ၁၅၀၀။
ယာဉ်ထိန်းရဲ ။ ။ ‘‘ဟေ’’

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

အနာဂတ်အာကာသ ခရီးသွားဧည့်သည်များအတွက် ဒုံးပျံလေယာဉ်များ တီထွင်ထုတ်လုပ်ရန် စီစဉ်နေ

လန်ဒန် မတ် ၁၉

အနာဂတ်တွင် အာကာသခရီးသွားဈေးကွက် ကျယ်ပြန့်လာစေရန် ဒုံးပျံလေယာဉ်များ(အောက်ပုံ)ကို ထုတ်လုပ်သွားမည် ဖြစ်ကြောင်း ဥရောပ၏ အကြီးဆုံးသော လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် အာထရီယမ်က စီစဉ်လျက် ရှိကြောင်း မတ်၁၇ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

ယင်းကုမ္ပဏီကတစ်နှစ်လျှင်ဒုံးပျံလေယာဉ် ၁၀စင်း ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း၊ ဒုံးပျံ လေယာဉ်များ ထုတ်လုပ်ပေးနိုင်၍ အာကာသ ခရီးသွားဧည့်သည်တစ်ဦးလျှင် ယူရို ၂၀၀၀၀၀(ပေါင်ငွေ ၁၆၀၀၀၀) နှုန်းဖြင့် တစ်နှစ်လျှင် လူပေါင်း ၁၅၀၀၀ ခန့် အာကာသသို့ ပို့ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီမှ နည်းပညာအရာရှိချုပ် ရောဘတ်လိန်းက ပြောကြားသည်။

ဆင်းသက်နိုင်

အဆိုပါ ဒုံးပျံလေယာဉ်များတွင် လေယာဉ်မောင်းတစ်ဦးနှင့် ခရီးသည် လေးဦး လိုက်ပါနိုင်မည်ဖြစ်ကြောင်း၊ ၎င်းလေယာဉ်သည်မည်သည့်လေဆိပ်မဆို အာကာသမှ ဆင်းသက်နိုင်မည်ဖြစ်ကြောင်း မစ္စတာလိန်းက ပြောကြားသည်။

၎င်းဒုံးပျံလေယာဉ်များ၏ အင်ဂျင်သည် အောက်ဆီဂျင်နှင့် မီသိန်းဓာတ်ငွေ့ရောထားသောဆီဖြင့် မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ထွက်ခွာ

ဒုံးပျံလေယာဉ်အင်ဂျင်သည် မြေပြင်မှတက်သွားပြီး ၄၅မိနစ် အကြာ လေယာဉ်အင်ဂျင်မှ ဒုံးပျံအင်ဂျင်သို့ ပြောင်းပြီး တက်သွားမည်ဖြစ်သည်။ ဒုံးပျံအင်ဂျင်ဖြင့် စက္ကန့်၈၀ကြာ မောင်းနှင်ထွက်ခွာအပြီး ကမ္ဘာ့မြေပြင်အထက် ကီလိုမီတာ ၆၀သို့ ရောက်ရှိမည်ဖြစ်သည်။ယင်းနောက် ဆက်လက်ထွက်ခွာရာ ကမ္ဘာ့ဆွဲအားကင်းလွတ်သည့် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၁၀၀သို့ ရောက်ရှိမည် ဖြစ်သည်။ ၎င်းနေရာသည် ထွက်ခွာလာသော ကမ္ဘာ့ဟင်းလင်းပြင်နေရာဖြစ်သည်။

(အင်တာနက်)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၉-၃-၂၀၀၈

ဖိလစ်ပိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ သမ္မတနန်းတော်အနီး ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း မနီလာရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့ဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် သုံးဦးဒဏ်ရာရရှိသွားသည်။ ယခုဗုံးပေါက်ကွဲမှုသည် မနီလာမြို့၌ သုံးရက်အတွင်း နှစ်ကြိမ်မြောက်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းတန့်နေ

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများတန့်နေကြောင်း တရုတ်နိုင်ငံမှ ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၀၂ဒသမ၀၂ ဒေါ်လာ ရှိနေကြောင်း ၎င်းတို့က ပြောကြားသည်။

ပါကစ္စတန်၌ တိုက်လေယာဉ်တစ်စင်းပျက်ကျ

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်းပန်ဂျပ်ပြည်နယ်၌ ပါကစ္စတန် တိုက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း ပါကစ္စတန်လေတပ်အရာရှိများက ပြောကြားသည်။

ပျက်ကျခဲ့သည့်နေရာမှာ ပန်ဂျပ်ပြည်နယ် ရာဂျန်ပူရာခရိုင်အတွင်းဖြစ်ပြီး လေ့ကျင့်ပျံသန်းစဉ် မတော်တဆ ဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ရာ လေယာဉ်မှူးမှာအသက်ဘေးမှ လွတ်မြောက်သွားခဲ့သည်။

ဈေးကွက်၌ ဒေါ်လာဈေးနှုန်းပြန်တက်

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာဈေးနှုန်း အနည်းငယ်ပြန်တက်လာကြောင်း ဂျပန်ငွေကြေးလုပ်ငန်းရှင်များက ပြောကြားသည်။

ဂျပန်ငွေကြေးဈေးကွက်၌ အမေရိကန် တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ ၉၇ ဒသမ ၆၂ ရှိလာပြီး ယူရိုငွေကြေးနှင့် ဖလှယ်ရာတွင် တစ်ယူရိုလျှင် အမေရိကန် ဒေါ်လာ၁ဒသမ၅၇၅၃ ဒေါ်လာရှိနေသည်။

ဗီယက်နမ်၌ လေကြောင်းကုမ္ပဏီသစ် နှစ်ခုဖွင့်မည်

ဗီယက်နမ်နိုင်ငံ၌ ပုဂ္ဂလိကလေကြောင်းကုမ္ပဏီအသစ်နှစ်ခု စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

အဆိုပါပုဂ္ဂလိကလေကြောင်းကုမ္ပဏီနှစ်ခုမှာ အဲစပိဒ်အပ် လေကြောင်းကုမ္ပဏီနှင့် ဖူကွတ်အဲ လေကြောင်းကုမ္ပဏီတို့ဖြစ်ပြီး မကြာမီ ပြည်တွင်းပြည်ပလေကြောင်း ခရီးစဉ်များ စတင်ပျံသန်းမည်ဖြစ်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်း ၂၃ ဦးအားဖမ်းဆီး

အစ္စရေးတပ်ဖွဲ့ဝင်များသည် အနောက်ဘက်ကမ်းမြောင်ဒေသသို့ဝင်ရောက်ပြီး ပါလက်စတိုင်း၂၃ ဦးအား ဖမ်းဆီးသွားခဲ့ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် စစ်လေယာဉ်များဖြင့် အနောက်ဘက်ကမ်းသို့ ဝင်ရောက်လာပြီး ရာမာလာ၊ ဂျီနင်၊ ဘတ်လီဟမ်နှင့် တူလ်ကာရမ်မြို့နှင့် ကျေးရွာများသို့ ဝင်ရောက်ပြီး သံသယရှိသူများအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ယီမင်မြို့တော် အမေရိကန်သံရုံးအနီး ဗုံးပေါက်ကွဲ

ယီမင်နိုင်ငံမြို့တော်ဆာနာရှိ အမေရိကန်သံရုံးအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဆာနာမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း၊ အမေရိကန် သံရုံးကို ဦးတည်တိုက်ခိုက်ခြင်းဟုတ်မဟုတ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)အရာရှိများက ပြောကြားသည်။

အမေရိကန်ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၅ဒသမ ၆၈ ဒေါ်လာရှိကြောင်း၊ ယခင်ရက်များကထက် အမေရိကန်ဒေါ်လာ ၄ဒသမ၅၃ဒေါ်လာ ကျဆင်းခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဘဝဒဿန အမြင်

* ***Speak boldly, and speak truly, shame the devil.***
  စကားပြောဆိုရာတွင် မှန်ကန်ရဲဝံ့စွာပြောပြီး အရှက်တရားထားရှိပါ။

ဂျွန်ဖလက်ချာ
(ကဗျာနှင့်ပြဇာတ်ရေးဆရာ)

* ***A true man hates no one.***
  ပြည့်ဝမှန်ကန်သောသူသည် မည်သူကိုမျှ မမုန်းပေ။

နပိုလီယန်
(ပြင်သစ်ဧကရာဇ်)

ဘာရိန်းကျွန်း၏သမိုင်းဖြစ်စဉ်

သတင်းအက်ဆေး

ဘာရိန်းနိုင်ငံသည် အနောက်တောင်အာရှ ပါရှန်းပင်လယ်ကွေ့ဒေသ၌ တည်ရှိသည်။ ဘာရိန်းကျွန်းကို ရှေးဆူမာရီယန်များက ပညာရှိသူနှင့်ရဲရင့်သူတို့ ထာဝရတစ်သက်တာအကျိုးကို ခံစားစေသည့် သုခဘုံကျွန်းတစ်ကျွန်းအဖြစ် ရှုမြင်ကြသည်။

မရောက်ရှိ

ဘာရိန်းနိုင်ငံသည် ပင်လယ်ကွေ့ဒေသတွင် ရေနံကို ပထမဆုံးတွေ့ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ရေနံချက်စက်ရုံကို တည်ခဲ့သည်။ သို့ဖြင့် ဘာရိန်းနိုင်ငံသည် အိမ်နီးချင်းနိုင်ငံ အများစုထက်စောပြီး ရေနံကြောင့် ချမ်းသာကြွယ်ဝမှုအကျိုးကို ခံစားခဲ့ရသည်။ သို့သော် ကူဝိတ်(သို့မဟုတ်) ဆော်ဒီအာရေဗျနိုင်ငံတို့၏ ထုတ်လုပ်မှုအဆင့်အထိ ဘာရိန်းနိုင်ငံက မရောက်ရှိခဲ့ပေ။

ဘာရိန်းနိုင်ငံကို ၁၇၈၃ခုနှစ်မှစ၍ အယ်ခါလီဖာမိသားစုက ဦးဆောင်ခဲ့သည်။ အယ်ခါလီဖာမိသားစုမှာ ပါရှားတို့ကို တိုက်ထုတ်သည့် ဘာနီအပ်ကာ မျိုးနွယ်စုဝင်များဖြစ်သည်။ ၁၈၆၁ခုနှစ်တွင် ဗြိတိန်နှင့်စာချုပ်လက်မှတ်ထိုးလိုက်သောအခါ ၁၉၇၁ ခုနှစ် လွတ်လပ်ရေးရသည့်အချိန်အထိ ဘာရိန်းနိုင်ငံသည် ဗြိတိန်အထိန်းသိမ်းခံ နိုင်ငံတစ်နိုင်ငံ နီးပါးဖြစ်ခဲ့သည်။

ရွေးကောက်ပွဲ

၁၉၇၁ခုနှစ် ဩဂုတ် ၁၅ရက်တွင် ဘာရိန်းနိုင်ငံက လွတ်လပ်ရေး ကြေညာပြီး ဗြိတိန်နိုင်ငံနှင့် ချစ်ကြည်ရေးစာချုပ်ချုပ်ဆိုသည်။ ရှိတ်အီဆာဗန် ပထမဆုံးစော်ဘွား ဖြစ်လာသည်။ နိုင်ငံတော်ကောင်စီက အစိုးရအဖွဲ့ဖြစ်လာသည်။ ၁၉၁၇ ခုနှစ် ဒီဇင်ဘာ ၁၆ရက်တွင် ဘာရိန်းနိုင်ငံမှာ ဗြိတိန်ထံမှ တရားဝင်လွတ်လပ်ရေးရရှိသည်။ ၁၉၇၂ခုနှစ် ဒီဇင်ဘာတွင် တိုင်းပြုပြည်ပြု လွှတ်တော်အတွက်ရွေးကောက်ပွဲ ကျင်းပသည်။

၁၉၈၁ခုနှစ် မေ၂၅ရက်တွင် ဘာရိန်းနိုင်ငံက ပင်လယ်ကွေ့ အာရပ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီခေါ် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)သို့ ဝင်ခဲ့သည်။

တိုးချဲ့

၁၉၉၁ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ဘာရိန်းနိုင်ငံက အမေရိကန်နိုင်ငံနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေး စာချုပ်လက်မှတ်ရေးထိုးသည်။ ၁၉၉၂ ခုနှစ် ဒီဇင်ဘာ၂၀ရက်တွင် လေးနှစ်သက်တမ်းရှိ အဖွဲ့ဝင်၃၀ပါသော အတိုင်ပင်ခံ ကောင်စီကိုဖွဲ့သည်။ ၁၉၉၆ခုနှစ် စက်တင်ဘာ ၂၈ရက်တွင် အတိုင်ပင်ခံကောင်စီ၌ အဖွဲ့ဝင်၃၀မှ ၄၀အထိ တိုးချဲ့သည်။

၁၉၉၉ခုနှစ် မတ် ၆ရက်တွင် ဘာရိန်းစော်ဘွား ရှိတ်အီဆာ ကွယ်လွန်သည့်အတွက် သားကြီးဩရသရှိတ်ဟာမတ်က စော်ဘွားရာထူးဆက်ခံသည်။ မတ် ၉ရက်တွင် ရှိတ်ဟာမတ်၏သား ရှိတ်ဆာလ်မန်က အိမ်ရှေ့စံ ဖြစ်လာသည်။

ထောက်ခံအတည်ပြု

၂၀၀၀ပြည့်နှစ် စက်တင်ဘာတွင် အတိုင်ပင်ခံကောင်စီ၌ မွတ်စလင် မဟုတ်သူများရော၊ အမျိုးသမီးများပါ ပထမဆုံးအကြိမ် ပါဝင်လာကြသည်။ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်သည်။ ရွေးချယ်တင်မြှောက်သည့် အောက်လွှတ်တော်၊ လွတ်လပ်စွာ တရားစီရင်ရေးနှင့်အတူ ဘာရိန်းနိုင်ငံကို စည်းမျဉ်းခံဘုရင်စနစ်ဖြစ်လာစေမည့် အဆိုပြုချက်များကို ပြည်သူများက တစ်ခဲနက် ထောက်ခံအတည်ပြုပေးသည်။

၂၀၀၂ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်တွင် ဘာရိန်းနိုင်ငံက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီသော ဘုရင်စနစ်သို့ ပြောင်းလဲလိုက်သည်။ ၂၀၀၂ခုနှစ် မေလတွင် ဒေသန္တရရွေးကောက်ပွဲပြုလုပ်ပြီး အောက်တိုဘာလတွင် ပါလီမန်ရွေးကောက်ပွဲကို နှစ်ပေါင်း ၃၀နီးပါးအတွင်း ပထမဆုံးအကြိမ် ကျင်းပသည်။ ၂၀၀၄ ခုနှစ် စက်တင်ဘာတွင် ဘာရိန်းနှင့် အမေရိကန် လွတ်လပ်စွာကုန်သွယ်ရေး စာချုပ်ချုပ်ဆိုသည်။ ၂၀၀၆ခုနှစ် နိုဝင်ဘာတွင် အထွေထွေရွေးကောက်ပွဲကျင်းပရာ၌ ရှီးယိုက်အတိုက်အခံတို့က ၄၀ရာခိုင်နှုန်း ရရှိသည်။ ရှီးယိုက်မွတ်စလင်တစ်ဦးမှာ ဒုတိယဝန်ကြီးချုပ်တစ်ဦး ဖြစ်လာသည်။

ဘာရိန်းနိုင်ငံသည် ယခုအခါ ရွေးချယ်တင်မြှောက်သည့် လွှတ်တော်နှင့်အတူ စည်းမျဉ်းခံဘုရင်စနစ်ကို ကျင့်သုံးလျက်ရှိသည်။ ရှီးယိုက်အများစုက ဆွန်နီတို့အုပ်စီးထားသည့် အစိုးရထံမှ အာဏာများ ၎င်းတို့အားပိုပေးရန် တောင်းဆိုလျက်ရှိသည်။ စီးပွားရေးတွင် ဘာရိန်းနိုင်ငံသည် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှု ဌာနတစ်ခုဖြစ်သည်။ ကြွယ်ဝချမ်းသာလာသော စီးပွားရေးက ပင်လယ်ကွေ့နိုင်ငံအများစုကဲ့သို့ မဟုတ်ဘဲ ရေနံအပေါ် မှီခိုမှု ပိုနည်းလာသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အမေရိကန်နိုင်ငံ ဒိုဗာမြို့တွင် မတ် ၁၉ရက်က ကဏန်းအသားများဖြင့် ပြုလုပ်ထားသော ကိတ်မုန့်ကြီးတစ်ခုမှာ အလေးချိန် ၂၃၅ပေါင်ရှိရာ ကမ္ဘာပေါ်၌ ကဏန်းအသားများဖြင့် ပြုလုပ်ထားသော အကြီးဆုံးကိတ်မုန့် ဖြစ်သည်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံတောင်ပိုင်း ဟီနန်ပြည်နယ် ကျွမ်ဟိုင်းမြို့ အနီးရှိ စိုက်ခင်းတစ်ခု၌ အလေးချိန် ၃၄ ဒသမ ၅ကီလိုဂရမ် အလေးချိန်ရှိသော ဘူးသီးကြီး တစ်လုံးသီးခဲ့ရာ အဆိုပါဘူးသီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဘူးသီးကြီးအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရွေးကောက်ပွဲ၌ မက်ကိန်းကို အနိုင်ကြမည့်သူ ဟီလာရီ ညီလာခံကိုယ်စားလှယ် တိုးရရှိနေသူ အိုဘားမား

ဝါရှင်တန် မတ် ၁၉

ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်ဟီလာရီနှင့် အိုဘားမားတို့နှစ်ဦးသည် (အောက်ပုံ) **နောက်တစ်ကြိမ် အရေးကြီးသည့် ပင်ဆယ်ဗေးနီးယားအကြို ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ရန် အကြိတ်အနယ် ကြိုးပမ်းကြသော်လည်း ပါတီတွင်း အချင်းချင်းဝေဖန်ထိုးနှက်မှုကို ယခုအခါသိသိသာသာ လျှော့လိုက်ကြသည်။**

တစ်ဦးနှင့်တစ်ဦး ဝေဖန်အပုပ်ချနေခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများအနေနှင့် နိုဝင်ဘာ ၄ရက်တွင်ကျင်းပသည့် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကို ကျောခိုင်းပြီး ရီပတ်ဘလီကင် သမ္မတလောင်း မက်ကိန်းထံ စုပြုံမဲထည့်လျှင် အရှုံးကြီးရှုံးနိုင်သည်ကို ဟီလာရီရော အိုဘားမားပါ သတိပြုမိပုံရသည်။

ပြည်နယ်များများ၌ အနိုင်ရသူ၊ ညီလာခံကိုယ်စားလှယ်များများ ရသူကို ထောက်ခံသင့်ကြောင်း အိုဘားမားက ပြောကြားသည်။

ပြိုင်ဘက်နှစ်ဦး

ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲမှာလည်း ရက်သတ္တပါးပတ်ကျော်လိုသေးသည်။ ဒီမိုကရက်တစ်ပြိုင်ဘက်နှစ်ဦးအတွက် ပါတီညီလာခံမတိုင်မီ အကြိုရွေးကောက်ပွဲ ကိုးပွဲကျန်သေးသည်။ ထိုအကြိုရွေးကောက်ပွဲများကလည်း နှစ်ဦးတွင် တစ်ဦးကို အပြတ်နိုင်ခြေပေးနိုင်စွမ်းမမြင်လှ။ အကြိတ်အနယ်ဖြစ်နေသည်။

သဘောတူညီမှုမရသေး

ထို့ကြောင့် ဒီမိုကရက်တစ်ပါတီဝင်များအနေဖြင့် ပြည်နယ်ကြီးနှစ်ခုဖြစ်သည့် မစ်ချီဂန်နှင့် ဖလော်ရီဒါပြည်နယ် အကြိုရွေးကောက်ပွဲကိစ္စကို ထည့်သွင်းတွက်ချက်သင့်သည်။ သို့သော် ယခုအထိ သဘောတူညီမှုမရသေးပေ။

သို့ဆိုလျှင် ညီလာခံတက်ရောက်ကြမည့် အထူးကိုယ်စားလှယ်ကြီးများ၏ မဲပေးထောက်ခံမှုက အရေးကြီးလာသည်။ အထူးကိုယ်စားလှယ်ကြီးများ အနေဖြင့်

ရွေးချယ်သင့်

ဟီလာရီကလင်တန်ကမူ ရွေးကောက်ပွဲတွင် ပြိုင်ဘက် ရီပတ်ဘလီကင် သမ္မတလောင်း မက်ကိန်းကို အနိုင်ကြနိုင်မည့်သူကို အထူးကိုယ်စားလှယ်များက ထောက်ခံရွေးချယ်သင့်ကြောင်း ပြောကြားလိုက်သည်။ **(အင်တာနက်)**

၂၀၀၇ခုနှစ်၌ စက်မှုနိုင်ငံများ၌ ခိုလှုံခွင့်တောင်းသူ အီရတ်ပြည်သူ ၄၅၀၀၀ ကျော်ရှိ

ဘရပ်ဆဲလ် မတ် ၁၉

အီရတ်မှ ထွက်ပြေးသူများကြောင့် ဆီးရီးယားကဲ့သို့သော အိမ်နီးချင်းနိုင်ငံများတွင် ဒုက္ခသည် ပြဿနာများ ကြုံလာရသည်။

ခိုလှုံခွင့်

အခြားနိုင်ငံများသို့ အီရတ်ဒုက္ခသည်များ ခိုလှုံခွင့် တောင်းမှုကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများသို့သွားရောက် ခိုလှုံခွင့်များ တောင်းခံသူဦးရေ ငါးနှစ်ဆက်တိုက် ကျဆင်းနေခဲ့ရာမှ ယခုအခါတွင် ခိုလှုံခွင့်တောင်းခံသူဦးရေ မြင့်မားလာရသည်ဟု ဆိုသည်။

ကမ္ဘာ့စက်မှုနိုင်ငံများသို့ ခိုလှုံနေထိုင်ခွင့် တောင်းသူဦးရေတွင် အီရတ်ပြည်သူများက အများဆုံးဖြစ်သည်။ ၂၀၀၆ခုနှစ်တွင် ခိုလှုံခွင့်တောင်းသူ အီရတ် ၂၂၉၀၀ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၄၅၀၀၀ ကျော်အထိ တိုးလာကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်အိတ်ချ်စီအာရ်)က ကြေညာသည်။

အိုးမဲ့အိမ်မဲ့

အီရတ်စစ်ပွဲကြောင့် အိုးအိမ် စွန့်ခွာထွက်ပြေးသူ ၄ ဒသမ ၅သန်းခန့် အထိရှိရာတွင် ယခုခိုလှုံခွင့် တောင်းသူများမှာ ၁ ရာခိုင်နှုန်းခန့်သာ ရှိသည်။ ၂ ဒသမ ၅ သန်းမှာ အီရတ် ပြည်တွင်း၌ အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်ရှိကုန်သည်။ **(အင်တာနက်)**

စင်ကာပူမှ လန်ဒန်မြို့ ဟီးသရိုး လေဆိပ်သို့ ပျံသန်း ပြေးဆွဲသည့် အဲဘတ်စ်အေ-၃၈၀ လေယာဉ်ကို မတ် ၁၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံးခရီးသည်တင်လေယာဉ်ကြီး စင်ကာပူမှ လန်ဒန်သို့ စတင်ပျံသန်း

စင်ကာပူ မတ် ၁၉

စင်ကာပူ လေကြောင်းလိုင်းမှ ၂၀၀၇ခုနှစ် အောက်တိုဘာလက ပထမဆုံးလက်ခံရရှိခဲ့သော အဲဘတ်စ်အေ ၃၈၀ခရီးသည် လေယာဉ်ကြီးသည် မတ် ၁၈ရက်တွင် စင်ကာပူမှ လန်ဒန် ဟီးသရိုး လေဆိပ်သို့ ပထမဆုံး ခရီးစဉ်အဖြစ် ပျံသန်းပေးခဲ့သည်။

မှာယူထား

ယင်း ခရီးသည်တင်လေယာဉ် အမျိုးအစားသည် ခရီးသည် ၄၇၀တင်ဆောင်ပျံသန်းနိုင်သည်ဟု ဆိုသည်။ ၎င်းလေယာဉ် အမျိုးအစားကို လေကြောင်းလိုင်း ၁၂ခုက မှာယူထားသည်။

ပျံသန်းပြေးဆွဲ

အဆိုပါအဲဘတ်စ်အေ- ၃၈၀လေယာဉ်ကြီးသည် ၂၀၀၆ခုနှစ်မေလက ဟီးသရိုးလေဆိပ်မှ စင်ကာပူသို့စတင် ပျံသန်းခဲ့သည်။

စင်ကာပူ လေကြောင်းလိုင်းသည် အေ-၃၈၀ လေယာဉ် သုံးစင်းဖြင့် စင်ကာပူနှင့် ဆစ်ဒနီမြို့အကြား ပျံသန်းလျက်ရှိသည်ဟု ဆိုသည်။

ထပ်မံမှာယူ

ယင်းလေယာဉ်အမျိုးအစား ၁၆ စင်းကို စင်ကာပူလေကြောင်းက ခရီးစဉ်သစ်များအတွက် ထပ်မံမှာယူထားသည်။ ၎င်းလေယာဉ်အမျိုးအစားသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော ခရီးသည်တင် လေယာဉ်အမျိုးအစားဖြစ်သည်။ **(အင်တာနက်)**

အီကွေဒေါနယ်စပ်ဖြတ်ကျော် ကိုလံဘီယာတပ်များတိုက်ခိုက်မှု အမေရိကနိုင်ငံများတင်းမာမှု လျှော့နည်းရေးဆွေးနွေး

ဘိုဂိုတာ မတ် ၁၉

ကိုလံဘီယာတပ်များက အီကွေဒါ နိုင်ငံအတွင်းရှိ သူပုန်စခန်းမှ ဖတ်သူပုန်ခေါင်းဆောင် တစ်ဦးကို ယခုလ ဝင်ရောက်တိုက်ခိုက် သတ်ဖြတ်ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာလျက်ရှိသည်။

ဖြေရှင်းမှု

အီကွေဒေါနှင့် ဗင်နီဇွဲလားနိုင်ငံတို့က ကိုလံဘီယာနိုင်ငံကို သံတမန်အဆက်အသွယ် ဖြတ်တောက်ပြီး ကိုလံဘီယာနှင့်ဆက်လျက်ရှိသည့် နယ်စပ်တစ်လျှောက်တွင် တပ်များအသီးသီး စေလွှတ်ပြီးနောက် အမေရိကန်နိုင်ငံများအသင်း (အိုအေအက်စ်)က ကြားဝင်ဆောင်ရွက်ပေးသည်။ သို့သော် ပြဿနာ ဖြေရှင်းမှုတွင် အပြီးသတ်ဆောင်ရွက်ပေးရမည့်အချက်များ ကျန်ရှိသေးသည်။

ရှုတ်ချပြစ်တင်

ကိုလံဘီယာနိုင်ငံက ၎င်း၏လုပ်ရပ်မှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက်ဖြစ်သည်ကို ရည်ညွှန်းလိုသည်။ အီကွေဒေါနိုင်ငံကလည်း ကိုလံဘီယာ၏လုပ်ရပ်ကို အိုအေအက်စ်က ရှုတ်ချပြစ်တင်ရန် လိုလားသည်။

လိုက်လံတိုက်ခိုက်

ပီရူး၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံများမှ အိုအေအက်စ် ကိုယ်စားလှယ်များသည် အခင်းဖြစ်နေရာသို့ သွားရောက်လေ့လာခဲ့သည်။ နယ်စပ်ကို ဖြတ်ပြီး သူပုန်တို့ကို တိုက်ခိုက်ရခြင်းမှာ ဝမ်းနည်းကြောင်း၊ သို့သော် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ယင်းသို့ လိုက်လံတိုက်ခိုက်ရန် လိုအပ်ကြောင်း ကိုလံဘီယာ အစိုးရက ကြေညာသည်။ **(အင်တာနက်)**

ပြင်သစ်ရှိ လွိုင်ရီမြစ်အတွင်း ရေနံတန်ချိန် ၁၀၀ ခန့်ယိုဖိတ်

ပါရီ မတ် ၁၉

ပြင်သစ်နိုင်ငံ လွိုင်ရီမြစ်အတွင်း ရေနံတင်သင်္ဘောတစ်စင်း မတ်၁၆ရက်ညနေပိုင်းက ရေနံများတင်ချမှု ပြုလုပ်စဉ်အတွင်း ပိုက်များမှ ရေနံများ စိမ့်ထွက်ခဲ့ရာ တန်ချိန် ၁၀၀ခန့် ရှိသွားပြီ ဖြစ်ကြောင်း ပြည်နယ်အစိုးရ အဖွဲ့က မတ် ၁၇ရက်တွင် ပြောကြားသည်။

အဆိုပါ ရေနံများယိုဖိတ်မှုကြောင့် လူနှင့် သတ္တဝါများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း၊ စနစ်တကျသတိပေးမှုများ ပြုလုပ်သွားရန် လိုကြောင်း ပြည်နယ်အစိုးရက သတိပေးပြောကြားသည်။ ယင်းဒေသနေ ပြည်သူများက ယိုဖိတ်နေသော ရေနံများသန့်ရှင်းမှု ပြုလုပ်ရာတွင် အစိုးရကခွင့်မပြုဟု ဆိုထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန် တောင်ပိုင်း၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်

ကဘူးလ် မတ် ၁၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်မန့်တ်ပြည်နယ်၌ ဇွန် ၁၇ရက် နံနက်ပိုင်းတွင် အသေခံ ဗုံးဖောက်ခွဲ တိုက်ခိုက်သဖြင့် နေတိုး ဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးတပ်ဖွဲ့ (အိုင်အက်စ်အေဖက်)မှ အစောင့် တပ်ဖွဲ့ဝင် လေးဦးနှင့် အရပ်သား သုံးဦး သေဆုံးကာ အခြား ၁၁ဦး ဒဏ်ရာရရှိကြောင်း သက်ဆိုင်ရာ ရုံးအဖွဲ့က ပြောကြားသည်။

ပေါက်ကွဲ

၎င်းနေ့ နံနက် ၉နာရီခန့်က အဆိုပါ ဖောက်ခွဲရေး သမားသည် ဖောက်ခွဲရေး ပစ္စည်းများအား ကားတစ်စီးအတွင်း တင်ဆောင်လျက် မောင်းနှင်လာရာ နိုင်ငံတကာလုံခြုံရေး တပ်ဖွဲ့အနီး၌ ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုးလအတွင်း ဂါဇာ၌ ဟားမတ်စ်အဖွဲ့ဝင် ၁၀၀ သေဆုံး

ဂါဇာ မတ် ၁၉

ဂါဇာကမ်းမြောင်ဒေသအတွင်း ပြီးခဲ့သည့်နှစ် ဇွန်လလယ်မှစပြီး အစ္စရေးတို့၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဟားမတ်စ်ရဲအရာရှိ ၁၀၀သေဆုံးခဲ့ရပြီဖြစ်ကြောင်း ဂါဇာရှိ ဟားမတ်စ်ရဲချုပ်တော်ဖစ်ဂျက်ဘာက ပြောကြားသည်။

လွန်ခဲ့သော ကိုးလတာကာလအတွင်း အစ္စရေးတိုက်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသရှိ ရဲစခန်းများနှင့် ဆိပ်ကမ်းများကို ပစ်မှတ်ထားလျက်တိုက်ခိုက်သဖြင့် ရဲအရာရှိ ၁၀၀ခန့်သေဆုံးခဲ့ကြောင်း၊ ထိုသို့အစ္စရေးတို့က လေကြောင်းမှ တိုက်ခဲ့ခြင်းမှာ ဂါဇာကမ်းမြောင်မှ စစ်သွေးကြွများက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့၍ဖြစ်ကြောင်း အစ္စရေးတို့က ပြောကြားသည်။

မဆွေးနွေးနိုင်

ဟားမတ်စ်စစ်သွေးကြွများသည် လွန်ခဲ့သောကိုးလက ဂါဇာကမ်းမြောင်ဒေသကို သမ္မတမာမွတ်အဘတ်စ်၏ လုံခြုံရေးတပ်ကိုတိုက်ပြီး ထိန်းချုပ်ထားခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသကို ပါလက်စတိုင်း အာဏာပိုင်အဖွဲ့သို့ ပြန်ပေးသည့်တိုင်အောင် အဘတ်စ်က ဟားမတ်စ်တို့နှင့် မဆွေးနွေးနိုင်ဟု ဆိုသည်။

အရေးပေါ်အစီအစဉ်

အစ္စရေးတို့က အရှိန်မြှင့် တိုက်ခိုက်လာချိန်တွင် ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံး အရေးပေါ်အစီအစဉ်များအပြည့်အဝဆောင်ရွက်ထားကြောင်း ဂျက်ဘာက သတင်းထောက်များအား ပေးပို့သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ဂါဇာရှိ ရဲစခန်းများကို အစ္စရေးတို့က အရှိန်မြှင့် တိုက်ခိုက်လာ၍ ဟားမတ်စ်ရဲတပ်ဖွဲ့က အစီအစဉ်များအတိုင်း ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ၎င်း၏ကြေညာချက်တွင် ဖော်ပြထားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ တောင်ပိုင်းရှိ ကာဘာလာမြို့၌ ဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် မီးလောင်ကျွမ်းသည့် အဆောက်အအုံအား မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို မတ် ၁၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

အဲရစ်ဆင်ခေါ်ယူမည့် မိုက်ကယ်အိုဝင်

လန်ဒန် မတ် ၁၉

နယူးကာဆယ်အသင်းမှ ဒဏ်ရာအနာတရတွေနဲ့ နပန်းလုံးနေတဲ့ အင်္ဂလန်နဲ့ နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်ကို မန်စီးတီးနည်းပြ အဲရစ်ဆင်က ခေါ်ယူဖို့စီစဉ်နေတယ်လို့ သတင်းတွေ ထွက်ပေါ်လာပါတယ်။

ပြောကြား

အသက် ၂၈နှစ်အရွယ် ရှိနေပြီဖြစ်တဲ့ မိုက်ကယ်အိုဝင်ကို အင်္ဂလန်အသင်းနည်းပြအဖြစ် ကိုင်တွယ်ခဲ့စဉ်ကတည်းက အဲရစ်ဆင်က သဘောကျခဲ့တယ်လို့ ဆိုပါတယ်။ မိုက်ကယ်အိုဝင်ကို ခေါ်ယူဖို့အတွက် မိမိတို့ကြိုးစားနေကြောင်းလည်း အဲရစ်ဆင်က မတ်၁၉ရက်တွင် တရားဝင်ထုတ်ဖော် ပြောကြားလိုက်ပြီဖြစ်ပါတယ်။

ခေါ်ယူလို

တိုက်စစ်ပိုင်း အားနည်းနေတဲ့ မန်စီးတီးဟာ အခုအချိန်အထိ ပရီမီယာလိဂ်ပွဲပေါင်း ၃၀မှာ ဂိုးပေါင်း ၃၅ဂိုးပဲ သွင်းထားနိုင်လို့ နည်းပြအဲရစ်ဆင် စိတ်တိုင်းမကျ ဖြစ်နေတယ်လို့ဆိုပါတယ်။ ဒါကြောင့် တိုက်စစ်အင်အား ဖြည့်ဆည်းဖို့ မိုက်ကယ်အိုဝင်ကို ခေါ်ယူလိုခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

အကြံအစည်ရှိ

အဲရစ်ဆင်ဟာ မိုက်ကယ်အိုဝင်ကို ပြောင်းရွှေ့ကြေး ပေါင်ကိုးသန်းပေးမယ်လို့ ဆိုထားပြီး လုပ်ခလစာလည်း ကောင်းကောင်းပေးမယ်လို့ ဈေးခေါ်ထားပါတယ်။ မိုက်ကယ်အိုဝင် ကိုယ်တိုင်ကလည်း နယူးကာဆယ်ကနေပြီး ထွက်ခွာဖို့အကြံအစည်ရှိနေပြီး လောလောဆယ်မှာတော့ သူ့အေးဂျင့်ဖြစ်သူနဲ့ မန်စီးတီးက တာဝန်ရှိသူတွေ ဆွေးနွေးမှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။

သေချာ

တကယ်တော့ မိုက်ကယ်အိုဝင်ဟာ ဒီနှစ်ပရီမီယာလိဂ်မှာ နယူးကာဆယ်အတွက် ငါးဂိုးပဲ သွင်းယူပေးထားနိုင်ပါသေးတယ်။ သူရဲ့ဒူးဒဏ်ရာက အမြဲတမ်းဒုက္ခပေးနေလို့ ပွဲချိန်ပြည့် ပါဝင်မကစားနိုင်ဘဲ ဖြစ်နေပါတယ်။ ဒါကြောင့် အခုလာမယ့် မတ် ၂၆ရက်မှာ ပြင်သစ်အသင်းနဲ့ ချစ်ကြည်ရေးပွဲကစားမယ့် အင်္ဂလန်အသင်းမှာ အိုဝင် ပါဝင်ကစားနိုင်ဖို့ သိပ်တော့ မသေချာပါဘူး။

ထိန်းသိမ်း

ဒီလိုဒဏ်ရာတွေနဲ့ နပန်းလုံးနေရတဲ့ မိုက်ကယ်အိုဝင်ကို နယူးကာဆယ်နည်းပြကီဗင်ကီးဂန်းကတော့ အသင်းမှာဆက်နေဖို့ ထိန်းသိမ်းသွားမယ်လို့ ဆိုနေပါတယ်။ ပြီးခဲ့တဲ့ ဘာမင်ဂမ်နဲ့ပွဲမှာ နယူးကာဆယ်အသင်း တစ်ဂိုးစီသရေပွဲဖြစ်အောင်အတွက် မိုက်ကယ်အိုဝင် သွင်းယူပေးခဲ့တာမို့ အဖိုးတန်တစ်မှတ်ကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ပြောကြား

မိုက်ကယ်အိုဝင်ဟာ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းမှာ အခွင့်အရေးရရင် ဂိုးရအောင်သွင်းယူနိုင်တဲ့ တိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်တာမို့ နယူးကာဆယ်မှာ သူ့လို တိုက်စစ်မှူးတစ်ဦးဆက်ပြီး ရှိနေသင့်တယ်ဆိုတာ စဉ်းစားစရာမလိုတဲ့ကိစ္စပါလို့ ကီဗင်ကီးဂန်းက ပြောကြားနေပါတယ်။



မိုက်ကယ် အိုဝင် မန်စီးတီးကို ရောက်မှာလား။

စောင့်ကြည့်

မိုက်ကယ်အိုဝင်ကတော့ မိမိဟာ နယူးကာဆယ်က ထွက်ခွာဖို့အစီအစဉ်ရှိသည်မှာ ဝန်ခံကြောင်း၊ သို့သော်လည်း နယူးကာဆယ်ကို အောင်မြင်မှုများ ရရှိအောင်လည်း စွမ်းဆောင်ပေးသွားချင်ပါကြောင်း ပြောကြားနေတာမို့ မိုက်ကယ်အိုဝင်တစ်ယောက် မန်စီးတီးကို လက်တွေ့ ရောက်မရောက် စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်ခင်ဗျား။ ။

မောင်မောင်မြင့်ဆွေ

တောင်ပံကစားသမားဖီဂို အင်တာမှ မပြောင်းဟုဆို

မြင့်မောင်စိုး
စုစည်းရေးသားသည်

မီလန် မတ် ၁၉

အင်တာမီလန် တောင်ပံကစားသမား လူးဝစ်ဖီဂိုသည် ကွင်းပတ်ရိန်းဂျားစ် အသင်းသို့ ပြောင်းရွှေ့ကစားရန် ညှိနှိုင်းဆောင်ရွက်နေသည်ဆိုခြင်းကို ၎င်း၏ကလပ်က ငြင်းပယ်လိုက်သည်။

သတင်းများထွက်ပေါ်

အသက် ၃၅နှစ်ရှိ ပေါ်တူဂီအသင်းခေါင်းဆောင်ဟောင်း ဖီဂိုသည် ကွင်းပတ်ရိန်းဂျားစ်အသင်း ပိုင်ရှင်ဖလာဗီယိုနှင့် သတင်းများ ထွက်ပေါ်လျက်ရှိသည်။

သို့သော်လည်း ယင်းကိစ္စအတွက် မိမိအံ့အားသင့်မိကြောင်း၊ ကွင်းပတ်ရိန်းဂျားစ်သို့ ပြောင်းရွှေ့ရန် ပြောဆိုမိခြင်း မရှိကြောင်း ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်ကစားသမားဟောင်း လူးဝစ်ဖီဂိုက ပြောကြားသည်။ **(အင်တာနက်)**

ကွင်းပတ်သို့ ပြောင်းရန် ဆွေးနွေးခဲ့ခြင်းမရှိဟု ဆိုသော တောင်ပံကစားသမား ဖီဂို။

ပရီမီယာလိဂ်ဖလား ရနိုင်မှုယ်ရှိနေ လီဗာပူးနည်းပြဘင်နီတက်ဇ်ပြောကြား

လန်ဒန် မတ် ၁၉

လီဗာပူးအသင်းသည် ပြန်လည်ခြေစွမ်းပြလာနိုင်ခြင်းကြောင့် ပရီမီယာလိဂ်ဖလားရနိုင်သေးကြောင်း နည်းပြရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားလိုက်သည်။

ပရီမီယာလိဂ်တွင် ငါးပွဲဆက်တိုက်အနိုင်ရမှု၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အင်တာမီလန်ကို အိမ်ကွင်း၊ အဝေးကွင်း အနိုင်ရမှုတို့သည် လီဗာပူး၏ အောင်မြင်ရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာခြင်းပင်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၀)အပြီး လီဗာပူးတို့ အမှတ်ပေးဇယားထိပ်ဆုံးရောက် မန်ယူနှင့် အာဆင်နယ်တို့နောက်မှ ရှစ်မှတ်အကွာဖြင့် လိုက်နေသည်။ သို့သော်လည်း လီဗာပူးတို့ ၎င်းအသင်းနှစ်သင်းစလုံးနှင့် ကစားရန်ပွဲများရှိနေသေးသည်။

လာမည့် တနင်္ဂနွေနေ့တွင် လီဗာပူးတို့ အိုးထရက်ဖို့ဒ်ကွင်းသို့သွားရောက်ကစားရမည် ဖြစ်သည်။ မန်ယူကို အနိုင်ကစားနိုင်လျှင် ထိပ်ဆုံးနေရာနှင့် အနီးဆုံးရောက်ရှိသွားနိုင်ကြောင်း ဘင်နီတက်ဇ်ကပြောကြားသည်။

မိမိတို့သည် အမှတ်ပေးဇယား ထိပ်ဆုံးနေရာသို့ ရောက်ရှိရန်ကြိုးစားသွားမည်ဖြစ်ကြောင်း၊ လာမည့် နှစ်ပတ်သုံးပတ်အတွင်း ဝေဖန်ခံနေရမှုများ အဆုံးသတ်သွားစေရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

အမှောင်လမ်းတွင် ကျင်လည်ခဲ့သူ....

စီးပွားရေးလုပ်ငန်းရှင် ဗစ်တာဘောက်**(ယာပုံ)**သည် ရုရှားနိုင်ငံတွင် အခြေစိုက်သော လေကြောင်းကုမ္ပဏီကြီးများ၏ ပိုင်ရှင်ဖြစ်ပြီး မော်စကိုမြို့တွင် နေထိုင်သည်။

ဗစ်တာဘောက်သည် လုပ်ငန်းလုပ်ကိုင်ရာတွင် ပိရိသေသပ်လွန်းသဖြင့် လူအများစုကသူ့အား လေကြောင်းကုမ္ပဏီများ ပိုင်ရှင်တစ်ဦးဟုသာ သိထားကြလေသည်။ သို့သော် တစ်နေ့တွင်မူ သူ၏ ဇာတိရုပ်နှင့် ဇာစ်မြစ်ကို သက်ဆိုင်ရာတို့က ရိပ်စား သိရှိသွားတော့သည်။

ဖမ်းဆီးနိုင်ရေး

ဗစ်တာဘောက်အား စတင်ခြေရာခံမိခဲ့သည့် အချိန်မှာ ၂၀၀၆ခုနှစ် ဧပြီလဆန်းပိုင်းတွင် ဖြစ်သည်။ ဗစ်တာဘောက်သည် သူ၏ လုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတို့က ရိပ်မိပြီး ခြေရာခံနေကြောင်း လုံးဝသတိထားမိခဲ့ခြင်းမရှိပေ။ သူ၏ လုပ်ငန်းကိုသာ ပိပိရိရိလုပ်ကိုင်နေခဲ့သည်။ ထို့ကြောင့်လည်း ဗစ်တာဘောက်အား ဖမ်းဆီးနိုင်ရေးအတွက် နှစ်နှစ်နီးပါးမျှ ကြာမြင့်ခဲ့ရခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးရောင်းဝယ်

၂၀၀၈ခုနှစ် မတ်လဆန်းတွင်မူ အမေရိကန်အထူးစုံစမ်းစစ်ဆေးရေးဌာနက ဗစ်တာဘောက်အား လက်နက်ကုန်ကူးသန်းရောင်းဝယ်သူအဖြစ် ထိုင်းနိုင်ငံတွင် ဖမ်းဆီးခဲ့ပြီး အကျဉ်းထောင်ထဲတွင် လုံခြုံရေးအစောင့်အကြပ်ထူထပ်စွာဖြင့် မတ် ၂၀ရက်အထိ ထားရှိမည်ဖြစ်သည်။ ဗစ်တာဘောက်နှင့် ၎င်း၏ မိတ်ဆွေအင်ဒရူးစမူလီယန်တို့သည် လူရွှေ့ပြောင်းနိုင်သည့် အစ်ဂလာ လေကြောင်းကာကွယ်ရေးစနစ်များ(အမ်အေအင်န်ပီအေဒီ)နှင့် အခြားလက်နက်များကို ကိုလံဘီယာအစိုးရအား နှစ်ပေါင်းများစွာ ဆန့်ကျင်တိုက်ခိုက်နေသော ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင် အင်အားစု(အက်ဖ်အေအာရ်စီ) အကြမ်းဖက်အုပ်စုသို့ ရောင်းချရန် ပူးပေါင်းကြံစည်မှုဖြင့် စွဲချက်တင်ခံခဲ့ရသည်။ ယင်းအက်ဖ်အေအာရ်စီအဖွဲ့သည် မူးယစ် ဆေးဝါးရောင်းဝယ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ အမေရိကန်နိုင်ငံသားများကို သတ်ဖြတ်ခြင်းတို့ဖြင့် ကိုလံဘီယာအစိုးရကို တိုက်ခိုက် ထိုးစစ်ဆင်ဖြုတ်ချရန် ကြိုးပမ်းနေသော အဖွဲ့ဖြစ်သည်။

လက်နက်ရောင်းဝယ်

၂၀၀၇ခုနှစ်အတွင်းက မူးယစ်ဆေးဝါးနှိမ်နင်းမှု စီမံရေးရာဌာန(ဒီအီးအေ)မှ သူလျှိုတစ်ဦးက ဗစ်တာဘောက်၏ စီးပွားဘက်သာမက အကြံပေးတစ်ဦးလည်းဖြစ်သော သတင်းပေးတစ်ဦး၏ သတင်းပေးချက်အရ စမူလီယန်နှင့် အဆက်အသွယ်ရခဲ့သည်။ ၎င်းတို့သည် ၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် ကရစ်ဘီယံပင်လယ်အတွင်းရှိ ကူရာကာအိုကျွန်းတွင် ချိန်းချက်တွေ့ဆုံခဲ့ကြသည်။ ယင်းတွေ့ဆုံပွဲတွင် စမူလီယန်နှင့်သတင်းပေးတစ်ဦးမှလွဲ၍ ကျန်နှစ်ဦးမှာ အက်ဖ်အေအာရ်စီမှ ပြောရေးဆိုခွင့်ရှိသူ ဟန်ဆောင်ထားသော ဒီအီးအေအဖွဲ့ဝင် နှစ်ဦးဖြစ်ပြီး အစ်ဂလာမဲန်းပက်ဒ်များ ဝယ်ယူရန်လာရောက်ကြောင်း ဟန်ဆောင်ထားခဲ့လေသည်။ ထိုသို့တွေ့ဆုံပြီး စမူလီယန်သည် ဗစ်တာဘောက်ရှိရာ ရုရှားသို့ လက်နက်ရောင်းဝယ်ရေးအတွက် အကြိမ်ပေါင်းများစွာ သွားရောက်ဆွေးနွေးခဲ့သည်။

ဝင်ရောက်ဖမ်းဆီး

ထို့နောက် ဖုန်းမှတစ်ဆင့် အက်ဖ်အေအာရ်စီ အယောင်ဆောင် ဒီအီးအေအဖွဲ့ဝင်များနှင့် ဗစ်တာဘောက်တို့ ကျူးဘား၊ နီကာရာဂွာနှင့် အာမေးနီးယားစသည့်နိုင်ငံတစ်ခုခုတွင် တွေ့ဆုံရန် ချိန်းဆိုခဲ့သည်။ ထိုအတောအတွင်း ဗစ်တာဘောက် ထိုင်းနိုင်ငံသို့ ရောက်ရှိနေစဉ် ဒီအီးအေအဖွဲ့က ကြိုတင်ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဗစ်တာဘောက်က ယင်းစွဲချက်များကို ငြင်းဆိုထားသည်။ သူ၏ထိုင်းရှေ့နေက စွဲချက်ကို မငြင်းဆိုခဲ့သော်လည်း အချုပ်အနှောင်မှ လွတ်မြောက်ရန် ကြိုးပမ်းနေသည်။ ဗစ်တာဘောက်၏ ရုရှားရှေ့နေကမူ ဗစ်တာဘောက်အား အမေရိကန်သို့ မလွှဲပြောင်းဘဲ ရုရှားနိုင်ငံသို့ လွှဲပြောင်းရေးကို ကြိုးစားလျက်ရှိသည်။

စီးပွားရေးလုပ်ငန်းတွင် အောင်မြင်မှုရကာ ကြွယ်ဝချမ်းသာ နေပါလျက် ဝိသမလောဘနောက်သို့ လိုက်ခဲ့သဖြင့် အမှုကိုရင်ဆိုင်ရလျက်ရှိပြီး ပြစ်မှုထင်ရှားပါက ထောင်ထဲတွင် နှစ်ပေါင်းများစွာ ပေးဆပ်ရဦးမည့်၊ အမှောင်လမ်းတွင် ကျင်လည်ခဲ့ပါသော်လည်း ဥပဒေ၏အဆုံးအမကို ခံယူရမည့် ဗစ်တာဘောက်၏အဖြစ်ကို မှုခင်းဖြစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ကမ္ဘာ့နံပါတ်(၂)ရာဖေးလ်နာဒယ် တီဆွန်ဂါအား ရှုံးကြေးဆပ်မည်

ကယ်လီဖိုးနီးယား မတ် ၁၉

ကမ္ဘာ့နံပါတ် (၂)တင်းနစ်ကစားသမား ရာဖေးလ်နာဒယ် (အပေါ်ယာပုံ) **နှင့် ပြင်သစ်တင်းနစ်ကစားသမား တီဆွန်ဂါတို့သည် ပစိဖိတ်လိုက်ဖ်အိုးပင်းပြိုင်ပွဲ စတုတ္ထမြောက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။**

ယင်းတို့နှစ်ဦးသည် ဩစတြေးလျ အိုးပင်းအကြိုဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ကြရာ တီဆွန်ဂါက ရာဖေးလ်နာဒယ်အား အနိုင်ကစားခဲ့သည်။

စတုတ္ထမြောက်ပြိုင်ပွဲ

ရာဖေးလ်နာဒယ်သည် ယင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်သည်။ တီဆွန်ဂါသည် ကမ္ဘာ့အဆင့် ၁၇ရှိသည်။ ရာဖေးလ်နာဒယ်သည် အမေရိကန်တင်းနစ်ကစားသမား ဒေါ်နယ်ရန်းအား ၆-၁၊ ၆-၃ဖြင့်နိုင်ပြီး စတုတ္ထမြောက်ပြိုင်ပွဲသို့ တက်ရောက်လာသည်။ အလားတူ တီဆွန်ဂါသည်လည်း တစ်နိုင်ငံတည်းသား မက်သရူးအား ၇-၆၊ ၇-၅၊ ၆-၄ဖြင့်နိုင်ပြီး စတုတ္ထမြောက်ပြိုင်ပွဲသို့ တက်ရောက်လာသည်။

အခွင့်အလမ်း

ရာဖေးလ်နာဒယ်နှင့် တီဆွန်ဂါတို့ စတုတ္ထမြောက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်၍ ရာဖေးလ်နာဒယ်အတွက် ရှုံးကြေးဆပ်ခွင့် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ (အင်တာနက်)

● **ရှေ့ဖုံးမှ**

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ပြည်နယ်နှင့်တိုင်းများ ကိုယ်စားပြု ကိုယ်စားလှယ်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်နယ်နှင့်တိုင်းများမှ သာသနာရေးဦးစီးဌာနမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေး၏ သြဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူကြမည့် ဆရာတော်ကြီးများအား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ရွေးချယ်တင်မြှောက်ကြသည်။

သဘာပတိ

အစည်းအဝေးပထမနေ့ဖြစ်သည့် မတ် ၁၇ ရက်တွင် သဘာပတိအဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး အဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီ ဘိဝံသက ဆောင်ရွက်တော်မူသည်။ ရှေးဦးစွာ သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သမ္မောဒနီယ သာရဏီယ သြဝါဒကထာ မြွက်ကြား ချီးမြှင့်တော်မူသည်။

[ဥက္ကဋ္ဌ ဆရာတော်ကြီး၏ သြဝါဒကထာကို သီးခြားဖော်ပြထားပါသည်။]

ဆက်လက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ယခုတစ်နှစ်တာ ကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ကြသည်။

အတည်ပြုချက်ရယူ

ထို့နောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်း ခံရသော နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလက တင်သွင်း၍ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာ အကျဉ်းကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသဘိဝံသက တင်သွင်း လျှောက်ထားတော်မူပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာ ဆရာတော်များက ဖတ်ကြားတင်သွင်းတော်မူကြပြီး ပထမနေ့အစည်းအဝေး အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်ကပ်လှူဒါန်း

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆရာတော်များအား ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်ကြသော (ဦးသိန်းမောင်)-ဒေါ်ပါးပါးတို့အား အမှူးထား၍ စန္ဒီပရဆေးမိသားစုက သုံးထပ်ဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး စန္ဒီပရဆေး၊ ထွန်းရွှေဝါ၊ မှန်ချို၊ ကေသီပန်၊ အေးကမ္ဘာ၊ ညွှန့်ညွှန့်၊ ပြည်လုံးချမ်းသာ၊ ဆရာထွန်းထွန်း(ရွှေခေါင်းပေါင်း)နှင့် ဦးစိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းတို့ကလည်း ကြွရောက်တော် မူလာကြသော ဆရာတော်ကြီးများအား တိုင်းရင်းဆေးဝါးများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ဒုတိယနေ့အဖြစ် မတ် ၁၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ပြန်ကြားလျှောက်ထား

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တင်ပြလာသော အကြံပြုချက်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသနှင့်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလတို့က ရှင်းလင်းပြန်ကြားလျှောက်ထားတော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ၁နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်ဆရာတော်များက ဝေဖန်ဆွေးနွေးတော် မူကြပြီး အစည်းအဝေးဒုတိယနေ့အစီအစဉ်များကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား စေတနာရှင်မိသားစုနှင့် သာကေတမြို့နယ် ၁၀မြောက် ရပ်ကွက်နေ ဦးအောင်ဒင်မိသားစုတို့က အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်း ကြသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို တတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၈နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တကုဏ္ဍလဇောတိက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ က ဆောင်ရွက်တော်မူသည်။

ယင်းနောက် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တမာနိတသိရီဘိဝံသက တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များအပေါ် ဝေဖန်ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

ဆက်ကပ်

ထို့နောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားပြီး အစည်းအဝေး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ၁နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ် လက်မှတ်များကို ဆက်ကပ်သည်။

ဆက်လက်၍ အစည်းအဝေး ပထမနေ့၊ ဒုတိယနေ့နှင့် ယနေ့တို့တွင် သြဝါဒါစရိယ ဆရာတော်များအဖြစ် ဆောင်ရွက်တော်မူခဲ့ကြသည့် ဆရာတော်ကြီး ၁၅ ပါး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်၊ သံဃာ့ဂိုဏ်းအသီးသီးနှင့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ် ဆရာတော်များသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းတင်စာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ကျင်းပပြီးစီး

ထို့နောက် သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်က နိဂုံးချုပ် ဥယျောဇနကထာ ဟောကြားတော်မူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက **"ဓယန္တော ဗောဓိယာမူလေ"** အစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြ၍ သာဓုသုံးကြိမ် ခေါ်ဆိုကာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ ပြည်ကြီးပျော်ဘွယ် ဒေးဝန်းအနောက် ဒေါင်းဂျုံစက်ပိုင်ရှင် ဦးသက်တင်-ဒေါ်သန္တာအေး မိသားစုက ဦးသက်တင်၏နှစ် (၅၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီးသို့ ထာဝရ ငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်းကို မလွန်ဈေး ဆန်လှူအသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အမှုဆောင်လူကြီးများထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတ တောရသာသနာ့ရိပ်သာ ယောဂီဆောင်အတွက် ရန်ကုန်မြို့ မြေနီကုန်းဈေးလမ်း အမှတ် ၉ နေ ဦးမြင့်သန်း-ဒေါ်ဆန်းလွင်လွင် (မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်)တို့က မိဘများဖြစ်ကြသည့် ဦးမောင်ခင်-ဒေါ်လှရင်၊ ဦးစိန်ဟုတ်-ဒေါ်ဒေါင်းမေတို့အား ရည်စူး၍ အလှူငွေကျပ် ၃၅ သိန်းကို မတ် ၂ ရက်က ဓမ္မဒူတအရှင်ပညိဿရ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ အကျိုးတော်ဆောင် ဦးနေအောင်က လက်ခံယူစဉ်။ (က-ပ)

တရားပွဲများကျင်းပမည်

ဒေါက်တာ အရှင်ကိတ္တိသာရ(ချောင်းဦး)

ညောင်ကန်အေး ဆရာတော်၏တပည့် ဒေါက်တာအရှင်ကိတ္တိသာရ (ချောင်းဦး)သည် မတ် ၂၁ရက်နှင့် ၂၂ရက်တို့တွင် ချောင်းဦးမြို့၌ လည်းကောင်း၊ ၂၃ရက်တွင် ချောင်းဦး-ငါးမှန်၌ လည်းကောင်း၊ ဧပြီ ၆ရက်နှင့် ၇ရက်တို့တွင် ပုသိမ်မြို့ ဘုံကျော်မဟာစည်ရိပ်သာ၌ လည်းကောင်း၊ ၁၂ရက်တွင် ခရမ်း မဟာစည်ရိပ်သာ၌လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

ဆရာကြီးဦးသန်းရွှေ(ဒလအုံ့ကြီး)

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာ တရားတော်များကို ဒလ အုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလအုံ့ကြီး)နှင့် လက်ထောက်ဆရာများက ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာစုကာရီ ဓမ္မာရုံကြီး၌ မတ် ၂၃ ရက်မှ ၂၉ရက်အထိ ညနေ ၆နာရီခွဲမှ ည၈နာရီအထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် နေ့တရားစခန်းကို ဧပြီ ၁ရက်မှ ၇ရက်အထိ နံနက် ၇နာရီမှ ညနေ ၄နာရီခွဲအထိ လည်းကောင်း၊ စမ်းချောင်းမြို့နယ် ကျောင်းလမ်းနှင့် မြေနီကုန်းအောင်တော်မူလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတွင်းရှိ သာသနာ့ဗိမာန် ဓမ္မာရုံကြီးတွင် ဧပြီ ၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။

အရှင်နန္ဒာသိရီ(ရေဦး)ဆရာတော်

မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရ ဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသိရီသည် မတ် ၂၃ ရက်မှ ၂၉ရက်အထိ အဖွဲ့ခွဲ ၄၁၉ အသင်းကျောင်း သုံးဆယ်မြို့၊ ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ အဖွဲ့ခွဲ ၄၃၁ ဘဲရမ်းရွာ မုဒုံမြို့ (သင်္ကြန်အထူးပွဲ)၊ ဧပြီ ၁၉ရက်မှ ၂၁ရက်အထိ ညောင်ဝိုင်းရွာ လက်ပံတန်းမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၆၉၀၀၅၄ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် သင်္ကြန်အထူးတရားစခန်းပွဲကြီးကို ဧပြီ၁ရက်မှ ၂၀ရက် (တန်ခူးလဆန်း ၆ ရက်မှ ၁၅ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် အဖွဲ့ချုပ်နာယကဆရာတော်ကြီး သုဝဏ္ဏသီဂိမိုးကုတ်ရိပ်သာ ပဓာနနာယက ဘဒ္ဒန္တသုဝဏ္ဏ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၁ရက် မွန်းတည့်၁၂နာရီ နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်နိုင်ပြီး ဆောက်လုပ်နေသော ဘောဇနဆောင်အတွက် မည်သူမဆို စုပေါင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရေစကြိုဆရာတော်ဝိဇာတမင်္ဂလာနှင့် စာအောင်သံဃာဂုဏ်ပူဇာကျင်းပမည်

ရန်ကုန် မတ် ၁၉

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ရေစကြိုဆရာတော်) ဘဒ္ဒန္တဝါယမိန္ဒာ ဘိဝံသ၏ သက်တော် (၅၃)နှစ်ပြည့်ဝိဇာတ မွေးနေ့မင်္ဂလာ၊ ၁၃၆၉ခုနှစ် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၌ တိပိဋက မဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်မှ ထူးချွန်စွာ အောင်ပန်းဆင်တော်မူခဲ့ကြသော သာသနာ့အာဇာနည်အရှင်မြတ် ၁၂ပါးနှင့် နိကာယ်စာမေးပွဲအသီးသီး၌ အောင်ပန်းဆင်တော်မူခဲ့ကြသော ဘွဲ့ရကျမ်းစွဲအရှင်မြတ် ၂၃ပါးတို့အား ဂုဏ်ပြုပူဇာမင်္ဂလာတို့ကို မတ် ၃၀ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ ကျင်းပမည် ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ဘိုကလေးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၁၉

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကို မတ် ၁ရက်က အသင်းဓမ္မာရုံ၌ ကျင်းပရာ အသင်း ဥက္ကဋ္ဌအဖြစ် ဦးစောဝေ (ပန်ဒါဟိုတယ်)၊ အတွင်းရေးမှူးအဖြစ် ဦးသိန်းညွှန့်(ရောနေကုမ္ပဏီ)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးဝင်းမြင့်(ချမ်းမြေ့ပါစေ ပို့ဆောင်ရေး)တို့ ပါဝင်သော အလုပ်အမှုဆောင်ဝင် ၄၅ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

အသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုဇွန်တောင်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အသင်းဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး နယ်မြေတာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ယုဇနခန်းမ၌ ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရပ်ကွက် စည်းရုံးရေးမှူးများက ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်အသင်း အတွင်းရေးမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး နယ်မြေတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြို့နယ်အလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်း မှာကြားသည်။

ထောက်ပံ့

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများသို့ ထောက်ပံ့ငွေများကို မြို့နယ်အသင်း အတွင်းရေးမှူးများထံ ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် တရုတ်မှော်တိုက်နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင် အလှူငွေကျပ်ခြောက်သိန်းနှင့် အထွေထွေဘက်စုံပြုပြင်ရန် အလှူငွေကျပ်လေးသိန်း စုစုပေါင်းငွေကျပ် ၁၀ သိန်းကို ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌ တိုက်နယ်ဆရာဝန် ဒေါက်တာကျော်မင်းအုန်းထံ မတ် ၁၆ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မော်ရွှေပြည်ကျောင်း (လိပ်ပြာကန်တိုက်) ဘွဲ့တံဆိပ်တော်ရဆရာတော်များအား ပူဇော်မည်

ရန်ကုန် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၃၆၉ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းခြင်းခံရသော မူဆယ်၊ နမ့်ခမ်းမြို့နယ်များမှ ဆရာတော်များအား ဗဟန်းမြို့နယ် လိပ်ပြာကန်တိုက် မော်ရွှေပြည်ကျောင်း၌ မတ် ၂၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် မူဆယ်၊ နမ့်ခမ်းမြို့နယ် အသင်းသူ အသင်းသားများအားလုံး ကြွရောက် ကြည်ညို ပူဇော်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် (အဖိတ်နေ့)

၂၀-၃-၂၀၀၈ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	တန်ခိုးတော်အနန္တ ပြည့်ဝမွှမ်းထုံ ရွှေစည်းခုံ
၇:၅၀	၅။	**စက်မှုတပ်ဆင် လုပ်ငန်းတွင်** မင်းမော်ကွန်း၊ ဇင်ပိုင်း၊ မို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၈:၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅	၇။	တေးဂီတအစီအစဉ်
၈:၃၀	၈။	International News
၈:၄၀	၉။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၅၀	၁၀။	တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄:၂၀	၃။	မြိုးမြိုးကြွကြွ ယဉ်ကျေးမှုအက
၄:၃၀	၄။	တေးဂီတအစီအစဉ်
၄:၄၅	၅။	Local Talent
၅:၀၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) [အင်္ဂလိပ်စာ]
၅:၁၅	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၅	၈။	**လူကူးမျဉ်းကျားမှကူးမယ်**
၅:၃၀	၉။	ရုပ်မြင်ရသတေးစုကဏ္ဍ
၅:၄၀	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၃၀	၁၂။	မိုးလေဝသအခြေအနေ
၆:၃၅	၁၃။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၄၅	၁၄။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (နာမည်ကျော်ကြား စစ်ကိုင်းမြို့မှ ကြိမ်ထည်လက်ရာများ)
၇:၀၀	၁၅။	တေးဂီတအစီအစဉ်
၇:၁၀	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့် ဆုံစည်းခြင်း** (အပိုင်း-၁၇)
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း-၁၀)
	၂၁။	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ရွှေဦးဆောင်းနှောင်း လတပေါင်း(အပိုင်း-၁)

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ရန်ကုန် မတ် ၁၉

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ နိုင်ငံတော်ကဆက်ကပ်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် တော် ခံယူတော်မူသော ပေါက်ခေါင်းမြို့ ပညာဇောတာရုံကျောင်းတိုက်မှ စာချဆရာတော် ဘဒ္ဒန္တဧကမဟာဂန္ထဝါစကပဏ္ဍိတအား ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် တိုက် ၆၈ အခန်း ၄ ဆရာကြီးဦးထွန်း၏ နေအိမ်နှင့် မျက်နှာချင်းဆိုင်ရှိ သာသနဟိတကာရီ ဓမ္မာရုံ၌ ကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်စာရင်းပေး

အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံအသင်းဝင်များနှင့် အသင်းဝင် များ၏ မိဘများ၊ ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းကို မတ်၁၄ရက် နောက်ဆုံးထား၍ အထောက်အထားများနှင့်အတူ နာယက ဦးထွန်း ဖုန်း-၃၈၇၅၃၄၊ နာယကဦးငွေအောင် ဖုန်း-၂၉၇၈၇၆၊ အတွင်းရေးမှူး ဦးထွေးမြင့် ဖုန်း-၅၈၀၆၁၈၊ ဒေါ်ခင်လေးမြင့် ဖုန်း-၃၇၄၉၆၅နှင့် ဦးကြိုင်အေး ဖုန်း-၇၂၀၁၇၂တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ပြီး အသင်းဝင်သူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ ပေါက်ခေါင်းမြို့နယ်သူ၊ မြို့နယ်သားအားလုံး မိသားစု နှင့်အတူ စုံညီစွာတက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

မန္တလေး အထက(၁)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၉

မန္တလေးမြို့ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းကြီးများ၏ ဆရာကြီး ဆရာမကြီးတို့အား (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဓမ္မဗိမာန် အနောက်ကျုံးထိပ်၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများကိုယ်တိုင် ကြွရောက်ကန်တော့ခံ ပါရန်နှင့် ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**‘ကွက်လပ်ဖြစ်နေတဲ့ စာတစ်မျက်နှာ”** တရားတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်သုစိတ္တ (နေနတ်သားဆရာတော်)
၇:၅၅ - ၁:၅၅	နိဗ္ဗာန်ဆီသို့--- အမေးအဖြေများ
၈:၁၅ - ၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀ - ၂:၂၀	ပြည်တွင်းအနုပညာရေးရာ
၈:၄၅ - ၂:၄၅	ပင်လယ်ဝကမ်းခြေ၊ ဘုရားတောင်ဘုရားနှင့် အေးငြိမ်းသာယာ အစင်စံပြကျေးရွာ
၉:၁၀ - ၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ - ၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅ - ၃:၂၅	သဒ္ဓါကြည်ဖြူ La Source Groupအလှူ
၉:၄၅ - ၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ - ၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅ - ၃:၅၅	ထူးမြတ်သာသနာ သဲအင်းဝိပဿနာ
၁၀:၀၅ - ၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀ - ၄:၁၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ခရမ်းချဉ်သီးယို)
၁၀:၂၅ - ၄:၂၅	ခိုင်ခံ့လှပ လင်းလင်းသာ ပရိဘောဂ
၁၀:၄၅ - ၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅ - ၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀ - ၅:၀၀	ဂုန်လျှော်စိုက်ပျိုးရေး အတွက် အချိန်ကာလ အလိုက် ပြင်ဆင်ဆောင် ရွက်ရမည့်လုပ်ငန်းများ
၁၁:၁၀ - ၅:၁၀	မြန်မာနိုင်ငံမီးသတ်အဖွဲ့၏ ကာကွယ်ကယ်ဆယ်ရေး လုပ်ငန်းများ(စက်ရုံ၊ အလုပ်ရုံ)
၁၁:၂၅ - ၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀ - ၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅ - ၅:၃၅	ကြည်ညိုဖွယ်အထူး ဘုရားဖောင်တော်ဦး
၁၁:၅၅ - ၅:၅၅	ဝတ်စားဆင်ယင် ပါတိတ် ဒီဇိုင်းထွင်
၁၂:၁၅ - ၆:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀ - ၆:၂၀	စိန်ရတုမှသည်...
၁၂:၃၅ - ၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀ - ၆:၄၀	ဘဝကပေးတဲ့ အကျိုးအာနိသင်
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ၂၀၀၈ ခုနှစ် မတ် ၁၇ ရက်တွင် ပြန်လည်ခန့်အပ်ခြင်းခံရသည့် မစ္စတာရန်ကျဲချီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော ဒါတိုဆီရီအူတမာ ဒေါက်တာရိုင်း(စ်)ယက်တင်(မ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကြက်သွန်နီစားသုံးပါက သွေးတိုးကျနိုင်

ကြက်သွန်နီသည် ဟင်းချက်ရာတွင် မရှိမဖြစ် ထည့်သွင်းအသုံးပြုရသည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ အခွံပါးပြီး အရည်ရွှမ်းသော အသီးမျိုးစိတ်များ၌ ပါဝင်သည်။

ကြက်သွန်နီကို ကမ္ဘာ့နိုင်ငံအများအပြားတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ ကြက်သွန်နီတွင် အဓိကပါဝင်သောဓာတ်များမှာ ခရိုမီယမ်အများဆုံး ပါဝင်ပြီး ဗီတာမင်စီ၊ အမျှင်ဓာတ်၊ မင်းဂနီးစ်၊ ဗီတာမင် ဘီ-၆၊ ပိုတက်စီယမ် ဖော့စပရပ်စ်၊ ကော့ပါးနှင့် ကယ်လိုရီဓာတ်များပါဝင်သည်။

ကြက်သွန်နီကို နေ့စဉ် တစ်လုံးခန့် ဟင်းချက်ရာ၌ဖြစ်စေ၊ အခြား စားဖွယ်များ၌ဖြစ်စေ ထည့်သွင်းစားသုံးသွားပါက သွေးထဲတွင် ပါဝင်သော သကြားဓာတ်များပြားမှုကို လျော့ကျစေနိုင်သည်ဟု ဗြိတိန် သုတေသန ပညာရှင်များ၏ တွေ့ရှိချက်၌ ဖော်ပြသည်။

ထို့အပြင် ကြက်သွန်နီကို တစ်နှစ်ခန့် နေ့စဉ် ပုံမှန်တစ်လုံးခန့် စားသုံးသွားပါက သွေးတိုးကျဆင်းစေပြီး နှလုံးရောဂါ တိုက်ခိုက်ခံရမှုမှလည်း ကင်းဝေးစေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဤရလဒ်မှာ နေ့စဉ် ကြက်သွန်နီတစ်လုံးခန့် ပုံမှန်စားသုံးသူ ၁၀၀၀၀၀ ကို လက်တွေ့သုတေသနပြုခဲ့ရာမှ ရရှိခဲ့သော ရလဒ်ဖြစ်သည်။

DVB-T စနစ်ဖြင့်ထုတ်လွှင့်ပေးနေသော MRTV-4 နှင့်ဆက်စပ်ရုပ်သံလိုင်းများ နယ်ထပ်ဆင့်လွှင့်စက်ရုံများသို့ပေးပို့သည့်မူလလိုင်းနှုန်းအား လိုင်းနှုန်းအသစ်ဖြင့်ပြောင်းလဲထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများအား ရန်ကုန်မြို့အပါအဝင် မြို့ကြီးများ၌ DVB-T စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိရာ အဆိုပါရုပ်သံလိုင်းများကို ပိုမိုကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ထပ်ဆင့်လွှင့်စက်ရုံများသို့ ပေးပို့နေသော မူလလိုင်းနှုန်း (3569 MHz)မှ ယခုလိုင်းနှုန်း (3617 MHz)သို့ ပြောင်းလဲခြင်းကို မတ် ၂၀ ရက်မှ ၂၄ ရက်အထိ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေစဉ်အတွင်း မိမိတို့ကြည့်ရှုနေသော MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ပုံမှန်ဖမ်းယူကြည့်ရှု၍ မရရှိပါက လိုင်းရှာဖွေပုံ အဆင့်ဆင့်ဖြင့် ပြန်လည် ရှာဖွေဖမ်းယူကြည့်ရှုနိုင်ကြောင်း၊ အခက်အခဲတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာအရောင်းဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပစ်တိုင်းထောင်နိုင်ဖို့ အတွက်ပါ

စည်သူအောင်

"အခုရေးဆွဲပြီးတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းမှာပါတဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းအကြောင်း ဆွေးနွေးကြဦးစို့ကွာ"

"ဥပဒေပြုအဖွဲ့တွေမှာ တပ်မတော်သားနှစ်ဆယ့်ငါးရာခိုင်နှုန်း ပါဝင်ရမယ်ဆိုတဲ့ ကိစ္စလား။"

"ဟုတ်တာပေါ့ကွာ၊ ဒီကိစ္စတွေက လူပြောသူပြော တော်တော်များပြီး သို့လောသို့လော ပြောဆို ငြင်းခုံစရာကလေးတွေ ဖြစ်နေလို့ပါ။ သိသင့်သိထိုက်တာတွေ စေ့စေ့စီးစီး ရှင်းရှင်းလင်းလင်း သိထားတော့ လူထုက စဉ်းစားဆုံးဖြတ်ရတာ လွယ်သွားတာပေါ့။"

"ဟုတ်ပါတယ်၊ ငါကလည်း ဒီကိစ္စကို ဆွေးနွေးချင်ပါတယ်။ ကဲ-ပြောပါဦး။ ဒီကိစ္စမှာ ပြောဆို ငြင်းခုံစရာ ဆိုတာက ဘာတွေများလဲ။"

"ပြောကြတာတော့ အများကြီးပေါ့ကွာ။ အဓိက အချက်နှစ်ချက်ကတော့ ဥပဒေပြုလွှတ်တော်ဆိုတာ ရွေးချယ်တင်မြှောက်ခံရတဲ့ သူတွေပဲပါရမယ်။ ရွေးချယ်တင်မြှောက်မထားဘဲ ခန့်အပ်ခံရတဲ့သူတွေပါတယ်ဆိုတာ ဒီမိုကရေစီမကျဘူးဆိုတဲ့ အချက်နဲ့ ဒီလိုတပ်မတော်သားတွေကို ထည့်ထားတာဟာ တပ်မတော်က အာဏာကို ထာဝရဆုပ်ကိုင်ထားချင်လို့ ဖြစ်တယ်ဆိုတဲ့ အချက်တွေပဲ။"

"ဟုတ်ပြီ၊ ပထမအချက်ကတော့ ဥပဒေပြုလွှတ်တော်တွေမှာ ရွေးချယ်တင်မြှောက်ခံရတဲ့သူတွေပဲ ပါရမယ်ဆိုတဲ့ကိစ္စပေါ့။ ပထမဆုံး ဒို့နိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ပဲ ပြန်ပြောပြမယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုထားတဲ့ ဒီမိုကရေစီနည်းကျ အခြေခံဥပဒေဆိုတာ လက်ခံတယ် မဟုတ်လား။ ဒါဆိုရင် အဲဒီ အခြေခံဥပဒေနဲ့ ရေးဆွဲထား၊ ပြဋ္ဌာန်းထားတဲ့ လူမျိုးစုလွှတ်တော်မှာ ရွေးချယ်တင်မြှောက်ထားတာ မဟုတ်တဲ့ ရှမ်းစော်ဘွားတွေ ပါနေတယ်။ အတိအကျပြောရရင် အခြေခံဥပဒေအခန်း(၉)၊ အပိုင်း(၁)၊ ရှမ်းပြည်နယ်ဆိုတဲ့ အပိုင်းမှာ ပုဒ်မ(၁၅၄)၊ ပုဒ်မခွဲ (၂)မှာ ပါတယ်။ လူမျိုးစုလွှတ်တော်မှာ ပါဝင်မယ့် ရှမ်းပြည်နယ်ဆိုင်ရာ အမတ် အားလုံးကို ရှမ်းပြည်နယ်၏ စော်ဘွားများက မိမိတို့ စော်ဘွားများထဲက ရွေးကောက်ရမယ်လို့ ဆိုထားတယ်။ ရိုးရိုးလေးပဲ စဉ်းစားကြည့်လေ၊ ပဒေသရာဇ် စနစ်ဖြစ်တဲ့ အဖေသေရင် သားကဆက်ခံတဲ့ စော်ဘွားတွေဟာ ကိုလိုနီခေတ်တုန်းကတောင်မှ မရခဲ့တဲ့ ဥပဒေပြုခွင့်အာဏာကို ဒီမိုကရေစီခေတ်ကျမှ ရလာခဲ့တာမဟုတ်ဘူးလား။"

"၁၉၄၇ ခုနှစ် အခြေခံဥပဒေက ခေတ်မမီတော့လို့ပါ ဆိုရင်လည်း မကြာခင်ကမှ ရေးဆွဲအတည်ပြုထားတဲ့ အိမ်နီးချင်းထိုင်းနိုင်ငံက အခြေခံဥပဒေကို ပြောပြဦးမယ်။ ထိုင်းအခြေခံဥပဒေ အပိုင်း(၃)၊ ပုဒ်မ(၁၁၁)မှာ ဆီးနိတ်အထက်လွှတ်တော်ကို အမတ် ၁၅၀နဲ့ ဖွဲ့စည်းရမယ်။ မဲဆန္ဒနယ် တစ်ခုကို လွှတ်တော်အမတ်တစ်ဦးနှုန်းနဲ့ ရွေးကောက်ပြီး ကျန်တဲ့ အမတ်နေရာတွေကိုတော့ အမတ်ရွေးချယ်ရေးကော်မတီကနေ ရွေးချယ်ခန့်အပ်ရမယ်လို့ပါတယ်။ အဲလို- ဘာလို့လုပ်ရသလဲဆိုတော့ ထိုင်းနိုင်ငံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီရဲ့ သတင်းထုတ်ပြန်ချက်မှာ ရွေးကောက်ပွဲနဲ့လုပ်ရင် နိုင်ငံရေးပါတီတွေ ဝင်ပြီးရှုပ်မှာစိုးလို့၊ ပြီးတော့ ဆီးနိတ်လွှတ်တော်မှာ နောက်ခံဘဝအမျိုးမျိုးနဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အမျိုးမျိုးက လူတွေပါနိုင်အောင် ဖြစ်တယ်လို့ ဆိုတယ်။ ပုဒ်မ(၁၁၅)မှာလည်း အထက်လွှတ်တော် အမတ်တွေဟာ ဘယ်နိုင်ငံရေးပါတီဝင်မှ မဖြစ်စေရဘူး၊ အောက်လွှတ်တော်အမတ်တစ်ဦး သို့မဟုတ် အစိုးရအဖွဲ့ဝင် တစ်ဦးရဲ့ အိမ်ထောင်ဖက်နဲ့ သားသမီး အမွေခံ မဖြစ်စေရဘူး လို့ဆိုတယ်။"

"ထိုင်းနိုင်ငံမှာ ပြည်နယ်၇၆ခုရှိတော့ စုစုပေါင်း အထက်လွှတ်တော် အမတ်၁၅၀ထဲက ရွေးကောက်တင်မြှောက်ခံ ၇၆ယောက် နုတ်ရင် ၇၄ ယောက်က ခန့်အပ်ခံရတဲ့ လူတွေပေါ့နော်။ ဒါဆိုတော့ ၅၀ ရာခိုင်နှုန်းပဲ ထားလိုက်ပါတော့။"

"ဒါကြောင့်မို့ ပြောတာပေါ့ကွာ၊ သူတို့အထက်လွှတ်တော်မှာ ရွေးကောက်ခံနဲ့ ခန့်အပ်ခံအမတ်တွေက ထက်ဝက်စီလောက်ရှိတာ။ ဒို့ဆီမှာ ၇၅ရာခိုင်နှုန်းက ရွေးကောက်ခံအမတ်ဖြစ်ပြီး ၂၅ရာခိုင်နှုန်းက တိုက်ရိုက်ခန့်တဲ့ တပ်မတော်သားတွေလေ။"

"လွှတ်တော်မှာ မဲခွဲဆုံးဖြတ်တဲ့အခါ ထက်ဝက်ကျော်မဲရတဲ့ ဘက်က အနိုင်ရတာပဲ။ ၅၀ ရာခိုင်နှုန်းကျော်ရင် အနိုင်ရပြီဆိုတော့ ပါတီတစ်ခုဟာ မဲ၅၀ရာခိုင်နှုန်းကျော်ရအောင် စည်းရုံးနိုင်ရင်ပဲ တင်သွင်းတဲ့အဆိုက အနိုင်ရမှာ သေချာနေပြီပေါ့။ တပ်မတော်သား ၂၅ရာခိုင်နှုန်းကို ထည့်တွက်စရာ ဘယ်လိုတော့မလဲ။"

"အဲဒါကြောင့် မင်းပြောတဲ့ ဒုတိယအချက်ဖြစ်တဲ့ တပ်မတော်က အာဏာကို ဆုပ်ကိုင်ထားချင်လို့ ၂၅ ရာခိုင်နှုန်း ယူထားတယ် ဆိုတာ မှန်/မမှန် မင်းပဲစဉ်းစားကြည့်ပေါ့ကွာ။ တကယ်သာ အာဏာကို အပိုင်ဆုပ်ကိုင်ထားချင်ရင် သူများတွေလို ၅၀ ရာခိုင်နှုန်းလောက်တော့ အနည်းဆုံး ယူထားမှာပေါ့။"

"ဒါဖြင့်ရင် ဘာဖြစ်လို့ ၂၅ ရာခိုင်နှုန်းပဲယူထားရတာလဲ၊ မင်း စဉ်းစားမိသလောက် လင်းစမ်းပါဦး။"

"ငါ့အမြင်ကတော့ မင်းကို ဥပမာလေးနဲ့ပြောပြမယ်။ ဘောလုံးတစ်လုံးနဲ့ ပစ်တိုင်းထောင်ရုပ် တစ်ရုပ်ကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ရင် ငြိမ်သွားတဲ့အခါ ဘယ်လိုနေမလဲ။"

"ဘောလုံးကတော့ ဘယ်လိုမှမနေဘူး၊ အစကတည်းက လုံးလုံးကလေး ဆိုတော့ ကျချင်သလိုကျ သူ့ဘာသာလုံးလုံးကလေးပဲငြိမ်နေမှာပေါ့ကွ။ ပစ်တိုင်းထောင်ကတော့ ခေါင်းကလေးက အပေါ်မှာ၊ ဖိုက်ကလေးက အောက်မှာ ငြိမ်ပြီးတော့ ထောင်နေမှာပေါ့။"

"ဒါဆိုရင် ဘယ်လိုပစ်ချချ ပစ်တိုင်းထောင်က ထောင်နေတာ ဘာ့ကြောင့်လဲ။"

"မင်းကလဲသိရဲ့သားနဲ့၊ ပစ်တိုင်းထောင်ဖိုက်မှာ ရွှံ့တုံးကလေး **ထည့်ထားလို့၊ အဲဒီဝိတ်နဲ့အောက်ခြေကငြိမ်ပြီး ထောင်နေတာပေါ့။ အဲဒီဝိတ်မရှိရင် ပိုးလိုးပက်လက်နဲ့ ကျချင်သလိုကျ၊ လဲချင်သလိုလဲ ဖြစ်နေမှာပေါ့"**

"အေး-ငါပြောချင်တာဒါပဲ။ အင်္ဂလိပ်လိုပြောရင်တော့ "Balancing Weight" ပေါ့ကွာ။ မြန်မာလိုဆိုရင်တော့ ဟန်ချက်ထိန်းအလေးပေါ့။ တပ်မတော်သား ၂၅ ရာခိုင်နှုန်းက ပစ်တိုင်းထောင်ကို အမြဲတမ်းထောင်နေအောင် လုပ်ပေးနေတဲ့ ရွှံ့တုံးကလေးလို မြန်မာနိုင်ငံအရေးမှာ ကမောက်ကမ မဖြစ်ရအောင် ထိန်းပေးနေတဲ့ ဝိတ်တုံး ကလေးပဲလေ။ ဒို့နိုင်ငံရဲ့ သမိုင်းကြောင်းကိုပြန်ကြည့်ရင် ပါတီတစ်ခုတည်းက အမတ်နေရာ အများကြီး ပိုင်ဆိုင်ထားတဲ့အခါ အတိုက်အခံလူနည်းစုရဲ့စကားကို နားထောင်စရာ မလိုဘူးဆိုပြီး လုပ်ချင်ရာလုပ်၊ နေချင်သလိုနေခဲ့လို့ အခြေခံဥပဒေဟာ စက္ကူစုတ်သဖွယ် ဖြစ်နေပြီလို့ ပြောခဲ့တာတွေလည်း ရှိခဲ့ပြီ။ အတိုက်အခံလူနည်းစုတွေကတင်ပြတဲ့ အဆိုတွေက ဘယ်လောက်ကောင်းကောင်း၊ တိုင်းပြည်အတွက် ဘယ်လောက်အကျိုးရှိရှိ လိုက်လုပ်ရင် အတိုက်အခံတွေကို လူထုကကြိုက်ပြီး နောက်ရွေးကောက်ပွဲကျရင် မဲပေးလိုက်မှာစိုးလို့ အတိုက်အခံဘက်က တင်လာသမျှ သူဖြုရင် ငါမည်းမယ်ဆိုပြီး မဲခွဲပယ်ချခဲ့တာတွေလည်းရှိခဲ့ပြီးပြီ။ ပါတီတွေကွဲပြီး မဲတွေ တစုတစည်းတည်း မရှိဘဲ ပြန့်ကျဲနေတဲ့အခါကျတော့လည်း ကိုယ့်ဘက်သူ့ဘက် မဲအသာရဖို့ တစ်သီးပုဂ္ဂလနဲ့ပါတီငယ်တွေကို အလိုလိုက်အကြိုက်ဆောင်ပြီး လုပ်ပေးခဲ့ရတာတွေလည်း တွေ့ခဲ့ဖူးပြီ။ ခြုံပြောရရင်တော့ကွာ၊ ဒီလိုအာဏာကိစ္စတွေကြောင့် အမျိုးသားအကျိုးစီးပွားထက် ကိုယ့်ပါတီအနိုင်ရရေးကို ဦးစားပေးတဲ့ အတ္တအကျိုးစီးပွားက ပိုပြီးရှေ့တန်းရောက်နေခဲ့လို့ တိုင်းပြည်မှာ ခါးသီးတဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့ပြီလေ။"

"ဒီပြဿနာကို ဖြေရှင်းပေးနိုင်ဖို့ တပ်မတော်သား ၂၅ရာခိုင်နှုန်းကို ဥပဒေပြုအဖွဲ့တွေမှာ အင်အား ချိန်ညှိပေးနိုင်အောင် ထည့်ပြီးဖွဲ့စည်းထားတာပေါ့ကွာ။ **တပ်မတော်သားကိုယ်စားလှယ်တွေရဲ့ တာဝန်က အမျိုးသားအကျိုးစီးပွားအတွက် မဖြစ်သင့်တာမဖြစ်ရအောင် ထိန်းသိမ်းပေးဖို့ပဲ။ အမျိုးသားအကျိုးစီးပွားဆိုတာကလည်း အခြေခံကတော့ ဒို့တာဝန်အရေးသုံးပါးပဲလေ။ ပြည်ထောင်စုမပြိုကွဲဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲဖို့၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့ ဒီကိစ္စတွေကို ထိပါးမလာရအောင် စောင့်ကြည့်ပြီး ထိန်းပေးနေမှာပဲ။** ကျန်တာကတော့ တကယ်သာ နိုင်ငံနှင့်လူမျိုးအကျိုးရှိမယ့်ကိစ္စမျိုးမှန်ရင် တပ်မတော်သားတွေရဲ့ မဲကိုမရမှာ ပူနေစရာ မလိုပါဘူးကွာ။ အာဏာရပါတီကပဲ တင်တင်၊ အတိုက်အခံကပဲတင်တင် ဘာမှ ကန့်ကွက်မဲထည့်နေမှာ မဟုတ်ဘူးလို့ ငါယုံတယ်။"

တပ်မတော်အနေနဲ့ကတော့ ကိုယ့်နိုင်ငံကို ပစ်တိုင်းထောင်လို အမြဲတမ်းထောင်နေတာပဲ မြင်ချင်တယ်။ ဘောလုံးလိုပုံသဏ္ဌာန်က တစ်ပြေးညီလုံးသွားတဲ့၊ ရင့်ကျက်တဲ့ဒီမိုကရေစီမျိုး ထူထောင်နိုင်တဲ့အခါကျရင်တော့ ဘယ်လိုပဲလိမ့်လိမ့် ကိစ္စမရှိတော့ဘူးလေ။ ပစ်တိုင်းထောင်လို အခြေအနေက လိုအပ်နေသေးသမျှတော့ နိုင်ငံကို တုံးလုံးပက်လက် လဲကျမသွားအောင် ဝိတ်ထည့်ပေးထားရမှာပဲ။ ။

"ငါ့အမြင်ကတော့ မင်းကို ဥပမာလေးနဲ့ ပြောပြမယ်။ ဘောလုံးတစ်လုံးနဲ့ ပစ်တိုင်းထောင်ရုပ် တစ်ရုပ်ကို ကြမ်းပြင်ပေါ်ပစ်ချလိုက်ရင် ငြိမ်သွားတဲ့အခါ ဘယ်လိုနေမလဲ။"
"ဘောလုံးကတော့ ဘယ်လိုမှမနေဘူး၊ အစကတည်းက လုံးလုံးကလေးဆိုတော့ ကျချင်သလိုကျ သူ့ဘာသာလုံးလုံး ကလေးပဲ ငြိမ်နေမှာပေါ့ကွ။ ပစ်တိုင်းထောင်ကတော့ ခေါင်းကလေးက အပေါ်မှာ၊ ဖိုက်ကလေးက အောက်မှာ ငြိမ်ပြီးတော့ ထောင်နေမှာပေါ့။"

တပ်မတော်အနေနဲ့ကတော့ ကိုယ့်နိုင်ငံကို ပစ်တိုင်းထောင်လို အမြဲတမ်း ထောင်နေတာပဲ မြင်ချင်တယ်။ ဘောလုံးလိုပုံသဏ္ဌာန်က တစ်ပြေးညီလုံးသွားတဲ့၊ ရင့်ကျက်တဲ့ ဒီမိုကရေစီမျိုး ထူထောင်နိုင်တဲ့အခါကျရင်တော့ ဘယ်လိုပဲလိမ့်လိမ့် ကိစ္စမရှိတော့ဘူးလေ။ ပစ်တိုင်းထောင်လို အခြေအနေက လိုအပ်နေသေးသမျှတော့ နိုင်ငံကို တုံးလုံးပက်လက် လဲကျမသွားအောင် ဝိတ်ထည့်ပေးထားရမှာပဲ။ ။

20-3 (10).pmd 1 3/20/2008, 12:48 AM

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မှု ညွှန်ကြားပြည့်ဆည်းပေး

နေပြည်တော် မတ် ၁၉

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက ပန်ဝါမြို့နယ် ဖီမော်ကျေးရွာအနီးရှိ တရုတ်-မြန်မာနယ်စပ် ကျောက်တိုင် အမှတ်(၁၆)နှင့် နယ်စပ်ဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပေးအပ်

တိုင်းမှူးသည် မတ် ၁၂ ရက် နံနက်ပိုင်းက လုပီကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးခန်းအတွက် ထောက်ပံ့ငွေများနှင့် ဒေသခံများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် ချီဖွေမြို့နယ် မန်တုံကျေးရွာအနီးရှိ ချီဖွေရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးဆိုင်းအုန်းမြင့်က ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မည့် လုပ်ငန်းနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားညွှန်ကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရေး၊ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်အောင်မြင်အောင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

လက်ခံ

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများကို မြို့နယ်အသင်းအတွင်းရေးမှူးက ပေးအပ်ရာ ပြည်နယ်အသင်း တွဲဖက်အတွင်းရေးမှူးက လက်ခံပြီး အသင်းဝင်ကတ်နှင့် အသင်းဝင်ဝတ်စုံများ၊လျှပ်စစ်ဒိုင်နမိုနှင့်ဆက်စပ်ပစ္စည်းများကိုပြန်လည်ထောက်ပံ့ပေးအပ်၍ တိုင်းမှူးက ဆရာဆရာမများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမား များကိုပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မဟာစည်သာသနာ့ရိပ်သာ ဓမ္မာရုံကြီး၌ တလုတ္တော်ကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အမှာစကား ပြောကြားစဉ်။ (လယ်/ဆည်)

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဟသ်ာတ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မတ် ၁၅ ရက်က ဟသ်ာတမြို့ရှိ မဟိတာရမ်ကျောင်းတိုက်သို့ သွားရောက်၍ မဟာဒွါရ သာသနာပိုင်ဆရာတော် ဘဒ္ဒန္တ အိန္ဒြိယသာဘအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆက်လက်၍ တလုတ္တော်ကျေးရွာ မဟာဝိဟာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဖြည့်ဆည်းပေး

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မဟာစည် သာသနာ့ရိပ်သာဓမ္မာရုံကြီး၌ တလုတ္တော်ကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံပြီး တင်ပြဆွေးနွေးမှုများအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပံ့ပိုးကူညီ

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အဖွဲ့သည် တလုတ္တော်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်များနှင့် တိုးချဲ့တည်ဆောက်နေသော စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုကာ လိုအပ်ချက်များ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၁၅ရက်က စစ်ကိုင်းတိုင်း စကျင်ကျေးရွာရှိ ပုပ္ပါရုံကျောင်းဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းပြီး ပုပ္ပါရုံကျောင်းဓမ္မာရုံ၌ စကျင်ကျေးရွာနှင့် ရေခါးကျေးရွာရှိ ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် စကျင်ကျေးရွာမူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်နှစ်သိန်း၊ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ ရေခါးကျေးရွာစေတီတော်ရင်ပြင် ကြမ်းခင်းရန်နှင့် စာကြည့်တိုက် ကြမ်းခင်းရန်အတွက် ဘိလပ်မြေအိတ် ၂၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းပြီး စကျင်ကျေးရွာကျေးလက်ဆေးပေးခန်း၊ စာကြည့်တိုက်နှင့်မူလတန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် မြင်းမူမြို့နယ် ခြေရာတော်ကျေးရွာ၌ စပါးခွံ လောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက် ဖွင့်ပွဲသို့တက်ရောက် အားပေးပြီး မီးစက်အဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်

ယနေ့ ဖွင့်လှစ်သော စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်သည် လျှပ်စစ်ဓာတ်အား ၂၅ ကီလိုဝပ် ထွက်ရှိပြီး ကျေးရွာအတွင်းရှိ အိမ်ခြေ ၃၃၀အား နေ့စဉ်လျှပ်စစ်မီးပေးနိုင်သည့်အပြင် ကျေးရွာပိုင်ကျူဝါဆန်စက်တစ်လုံးနှင့်ကျေးရွာအတွင်းရှိ တီဗွီ၊ဒီဗွီဒီစက်များအတွက်ပါ လျှပ်စစ်မီး အသုံးပြုနိုင်ပြီဖြစ်ပြီး အဆိုပါလျှပ်စစ် ဓာတ်အားပေးစက်ကို ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၁၅၅ သိန်းဖြင့် တည်ဆောက်ထားခဲ့ခြင်း ဖြစ်သည်။

ထောက်ပံ့

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ခြေရာတော်ကျေးရွာ အလယ်တန်းကျောင်းခွဲ၌ ဖွင့်လှစ်လျက်ရှိသော နွေရာသီ အမျိုးသားယဉ်ကျေးမှုသင်တန်းကို ကြည့်ရှုစစ်ဆေး အားပေးပြီး ကျောင်းခန်းမ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ဘိလပ်မြေအိတ် ၅၀၊ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မုံရွာမြို့ တိုင်းအသင်းရုံး၌ တိုင်းအသင်းအမှုဆောင်များအား တွေ့ဆုံမှာကြားပြီး မုံရွာမြို့တော်ခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အမှာစကားပြော

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် တိုင်းနှင့် မုံရွာ၊ ကလေး၊ တမူး၊ မော်လိုက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၊ ခရိုင်အတွင်းရှိ မြို့နယ် အသင်းများမှ အသင်းအတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မတ် ၁၇ရက်တွင် စစ်ကိုင်းမြို့နယ် ဓီးချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း ဓီးချောင်းကျေးရွာ၊ ပြူကံ ကျေးရွာနှင့် ရွာထောင်ရပ်ကွက်တို့မှ ဒေသခံပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားကာ ဓီးချောင်းကျေးရွာနှင့် ရွာထောင်ရပ်ကွက် ဆက်သွယ်သည့်လမ်းပြုပြင်ရန်အတွက် ငွေကျပ်နှစ်သိန်း၊ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကို ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ နှစ်ဖက်သော မိဘများအား ရည်စူးပြီး ဦးသိန်းလွင်-ဒေါ်အေးအေး မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အထွေထွေပဒေသာပင် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

20-3 (11) 1 3/20/08, 1:28 AM

ဇီးဖြူကုန်း–သဇင်ရေကျော် ကျောက်ချောလမ်းသစ်ဖွင့် ရာသီမရွေး ရန်ကုန်မှ ပုသိမ်မြို့များသို့ လွယ်ကူစွာ သွားလာနိုင်ပြီ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် သဇင်ရေကျော်ကျေးရွာအုပ်စု အတွင်းရှိ ကျေးလက်ပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဇေယျာခေမာလမ်း အမှတ်၃၄၉(ဘီ)နေ ဒေါက်တာကျော်လွင်–ဒေါ်စန်းစန်းဆွေ၊ သား ဒေါက်တာ ဖြိုးဆွေကျော်၊ ဖြိုးညီညီကျော်၊ ဖြိုးဟိန်းကျော် မိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက ရွှေရတု ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန် မတ် ၁၉

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ဇီးဖြူကျွန်း–သဇင်ရေကျော်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၁၆ရက် ညနေ၃နာရီက အဆိုပါမုခ်ဦး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေး ချီးမြှင့်သည်။

သွားလာနိုင်

အဆိုပါ ဇီးဖြူကျွန်း–သဇင်ရေကျော် ကျောက်ချောလမ်းမှာ အရှည် ၃ ဒသမ ၅၈မိုင်ရှိကာ ရန်ကုန်–ပုသိမ် လမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းတစ်လမ်းဖြစ်ပြီး ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြေသားလမ်း အဆင့်မှ ကျောက်ချောလမ်း အဆင့်အထိ ဘဏ္ဍာရေးနှစ်အလိုက် စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေနှင့် အဖွဲ့ရန်ပုံငွေတို့ဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းပြီးစီးသွားသည့်အတွက် သဇင်ရေကျော်ကျေးရွာအုပ်စုအတွင်းရှိ သဇင်ကျေးရွာ၊ ရေကျော်ကျေးရွာ၊ ပန်းဆိပ်ကျေးရွာ၊ ပတုတ်ကျေးရွာ၊ ကျုံဝါးကျေးရွာ၊ ခနာကျေးရွာနှင့်ပနော် ကျေးရွာခုနစ်ရွာတို့ရှိ ပြည်သူများ ရာသီမရွေးရန်ကုန်–ပုသိမ်လမ်းမကြီးမှ တစ်ဆင့်ရန်ကုန်မြို့နှင့် ပုသိမ်မြို့များသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။

ဆွေးနွေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သဇင်ရေကျော်ကျေးရွာ၌ ကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ပြည်သူများနှင့်လည်းကောင်း၊ မတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့နယ် ကိုးဆူစံပြကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျေးလက်ပြည်သူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲဖြူနှင့် နေပြည်တော် ပျဉ်းမနား ဓာတ်အားခွဲရုံ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၁၅ ရက်က ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်း ရေတာရှည်မြို့နယ် မြို့လှမြို့အနီး၌ တည်ဆောက်လျက်ရှိသော (၂၃၀/၃၃) ကေဗွီ သဲဖြူပင်မဓာတ်အားခွဲရုံ Control Room နှင့် Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များ မှာကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် နေပြည်တော်ပျဉ်းမနား ဓာတ်အားခွဲရုံရှိ တည်ဆောက်လျက်ရှိသော Control Room နှင့် Switch Yard နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားတွေ့ဆုံ

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မတ်၁၆ရက်က ရေးမြို့၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထောက်ပံ့

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မတ် ၁၇ရက်က သထုံမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မြို့နယ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

(သတင်းစဉ်)

အလက(၁) မြောက်ဥက္ကလာပ (ယခင်ပွင့်ကောင်းကျောင်း)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက အသက် ၆၀ ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက်က အဆိုပါကျောင်း ၄ဝါခန်းမဆောင်၌ ကျင်းပစဉ်။ (က–ပ)

အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာ ဆေးပညာဟောပြော

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံဆရာဝန်များအသင်း၊ ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟိုနှင့် ဗန်ကောက်ဆေးရုံကြီးဆေးကုသမှု ဗဟို(မြန်မာပြည်ရုံး)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာ ဆေးပညာဟောပြောပွဲ**(ယာပုံ)**ကို မတ် ၁၆ရက်က Hotel Nikko Royal Lake Yangon၌ ကျင်းပရာ သဘာပတိများအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဌာနမှ ပါမောက္ခ ဌာနမှူး ပါမောက္ခသိန်းဇောနှင့်ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါ အထူးကုဌာနမှ ပါမောက္ခဌာနမှူး ပါမောက္ခသံစစ်တို့က ဆောင်ရွက်ပေးကြပြီး Baylor College of Medicine အစာအိမ် အူလမ်းကြောင်း ဌာနမှ ပါမောက္ခ David Graham က အစာအိမ်ရောဂါပိုး H.pylori, Gastroesophageal Reflux Disease (GERD) နှင့် NSAID Gastropathyတို့နှင့်စပ်လျဉ်း၍ခေတ်မီ ဆေးပညာ ကုထုံးများအကြောင်းကို လည်းကောင်း၊ ဗန်ကောက်ဆေးရုံကြီး၏ အစာအိမ်အူလမ်းကြောင်းနှင့်အသည်း ရောဂါကုဌာနမှ တွဲဖက်ပါမောက္ခ Varocha Mahachai က အသည်းရောင် အသားဝါစီပိုး၏ ခေတ်မီကုထုံးများ အကြောင်းကို လည်းကောင်း၊ အစာအိမ် အူလမ်းကြောင်းနှင့် အသည်း အထူးကု ဆရာဝန် ဒေါက်တာ Pongsith က ဗန်ကောက် ဆေးရုံကြီး၏ ခေတ်မီတိုးတက်သော ရောဂါရှာဖွေရေးစနစ်များနှင့် ကုထုံးများ အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြရာ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင် ဆရာဝန်များနှင့် ဧည့်သည်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ယာဉ်မတော်တဆမှုလျှော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ရန်ကုန် မတ် ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်း တောင်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးဆန်းယုသည် မတ် ၉ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်လိုင်းဝန်ထမ်း အဆင့်ဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအောက်ရှိ မြို့နယ်ဥက္ကဋ္ဌများ၊ ဂိတ်မှူးများ၊ ကြီးကြပ်ရေးမှူးများ ပါဝင်သည့်အင်အား ၆၁ဦးအား သန်လျင်၌ လည်းကောင်း၊ မတ် ၁၁ရက်တွင် အင်အား ၅၇ဦးအား ဒလမြို့၌လည်းကောင်း ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကတ္တရာလမ်းခင်း

ပြည် ဖေဖော်ဝါရီ ၂၅

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေးဆောင်ရွက်မှုကို ဖေဖော်ဝါရီ၁၄ရက်က မြို့တွင်းလမ်းဖြစ်သော ဆုတောင်းပြည့်ဘုရားလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည် ။

(အောက်ပုံ)(မြို့နယ်စည်ပင်)

မတ် ၁၀ရက်က ကျိုင်းတုံမြို့ နောင်လိတ်ရပ်နေ ဒေါ်အားရှဲနှ့်မိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဗီရိုနှစ်လုံးနှင့် စားပွဲသုံးလုံး၊ စာရေးဆရာတောင်တွင်း ဘိုသိန်းမိသားစုနှင့် နမ့်ချက်ရပ်နေ မသူဇာမြင့် မိသားစုတို့က အလှူငွေကျပ် လေးသောင်းခြောက်ထောင်စီ၊ ဦးပိုင်လင်းဟိန်း၊ နန်းစောမြတ်နွယ်တို့က အလှူငွေကျပ် ငါးသောင်း အသီးသီးလာရောက် လှူဒါန်းကြရာ ကျိုင်းတုံဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဝင် ဦးစိုးရွှေက လက်ခံယူစဉ်။

(က-ပ)

စာကြည့်တိုက်အဆောက်အအုံ စစ်ကိုင်းမြို့နယ်၌ဖွင့်လှစ်

စစ်ကိုင်း မတ် ၄

စစ်ကိုင်းမြို့နယ် ရုံးပင်ကန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို မတ် ၃ရက်က ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်းများ ကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိရာ သာပေါင်းသမင်ကုန်း (ကူးတို့ဆိပ်) ကျေးလက်မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မတ် ၁၁ရက်က အမှုဆောင်အရာရှိ ဦးအောင်သူဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးဝင်းသန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းကျောက်ကြီး၌ ရေလှောင်ကန်တည်ဆောက်

ကျောက်ကြီး ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အများပြည်သူလူထုကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသည့်ရေ သုံးစွဲနိုင်ရေးအတွက် ကပ်ကျေးရပ်ကွက် စည်ပင်သာယာ ဈေးမျက်နှာစာတွင် ဂါလန် ၃၀၀၀ဆံ့ ရေလှောင်ကန်အား အပြီးတည်ဆောက်ပြီး ရေပေးဝေနိုင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့်အငယ်တန်း အင်ဂျင်နီယာ(မြို့ပြ)-၃ ဦးသိန်းဇော်ဦးတို့က ကွင်းဆင်းကြီးကြပ်ပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။ (၀၄၅)

မြသိန္တန်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ဖြူး ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်း ဖြူးမြို့နယ် ဖြူးမြို့ အနောက်ဘက် ပဲခူးရိုးမတောင်ပေါ်ရှိ သမိုင်းဝင်မြသိန္တန်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် ကျင်းပမြဲအတိုင်း (တပို့တွဲလပြည့်နေ့) ဖေဖော်ဝါရီ ၂၁ ရက်တွင် ပင့်သံဃာအရှင်မြတ်တို့အား နေ့ဆွမ်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းပြီး ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာ ဧည့်ပရိသတ်များအား ထမနဲဖြင့် ဧည့်ခံဒါနပြုခဲ့ကြသည်။ (၀၅၁)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်သည် ဖေဖော်ဝါရီ ၁၃ရက်က မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးထောင်ထားသော ပန်းအလှပင်(၉)မျိုးအား လာရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်က ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာဘဏ်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ပေါင်မြို့နယ်၌ကျင်းပ

ပေါင် မတ် ၄

မွန်ပြည်နယ် ပေါင်မြို့နယ်ကျခတ်ငူကျေးရွာအုပ်စု ဇရိုးကျေးရွာ ပညာဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါစာကြည့်တိုက် အဆောက်အုံသစ်ရှေ့၌ ကျင်းပရာ ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ် မြတ်ထွေး နှင့် ကျခတ်ငူကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်း

စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာပြည်သူလူထု စုပေါင်းလှူဒါန်းသော သုတ၊ရသ စာအုပ်မျိုးစုံ အုပ်၁၅၀နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလှူဒါန်းသော မဂ္ဂဇင်း အုပ်၅၀တို့အား စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသောင်းညွန့်ကလက်ခံယူခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

ကျေးရွာများရှိ လက်နှိပ်တုံကင်တွင်းများ အမြဲတမ်းကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် ကွင်းဆင်းပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၃ရက်က စခန်းသာကျေးရွာလက်နှိပ်တုံကင်တွင်းပြုပြင်ရန် သပိတ်ကျင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့(ချ်)မျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ဇင်ဇင်သက်တို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့တွင်းလမ်းများပြုပြင်

ကျွန်းလှ မတ် ၁

ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးတွင်းကာလရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် လမ်းများတွင် ဂျင်းမြေဖြည့်၍ ပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၃) ဦးစည်သူအောင်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ရက်က အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသူရကျော်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ရေစကြိုမြို့ သာသနာ့ဗိမာန်တော် ပန္နက်တင်

ရေစကြို မတ် ၅

မကွေးတိုင်း ရေစကြိုမြို့ မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး ပန္နက်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က ယင်းအဆောက်အအုံ တည်ရှိရာနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် တိပိဋကအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီးနောက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို တိပိဋကဆရာတော် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် သာသနာရေးဝန်ကြီးတို့က ပန္နက်တင်ပေးတော်မူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး ဝန်ကြီးနှင့် မြို့နယ်ဥက္ကဋ္ဌတို့က ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (၂၅၁)



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ ပမ/၁၇၉၉ Tiger Smart 120 m/c ယာဉ်လက်ဝယ်ရှိသူဦးနန္ဒချမ်းအေး၊ မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်)၁၂၃၃၀၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့။**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၂၉၊ ငါးလွှာ ခေါင်းရင်းခန်း ၁၆၄ လမ်း တာမွေကြီး(ခ)ရပ်ကွက်နေ ကျွန်မ၏သား မောင်ငြိမ်းချမ်း ၁၂/တမန(နိုင်)၁၁၈၃၁၇ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ ၎င်းကိစ္စနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

ဒေါ်သက်သက်တင်
၁၂/ဗဟန(နိုင်)၀၉၁၂၃၉
အမှတ် ၂၉၊ ငါးလွှာ၊ ခေါင်းရင်းခန်း
၁၆၄ လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၇၃၂၉ Kenbo Dream m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင့်ဇော်လင်း မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်)၁၀၁၂၇၂ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့။**

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

သား၊ သမီးနှင့်မြေးများ အမွေပြတ်စွန့်လွှတ်ခြင်း

မြို့သစ်(၂)လမ်း အမှတ်(၁၄)၊ ငါးလွှာ(ယာ)(ကျောက်မြောင်း၊ရန်ကုန်မြို့)နေ သမီးသင်းသင်းမာနှင့် ထွေးထွေးမာ၊သား ကျော်ကျော်နိုင်၊ မြေး ဆုမြတ်မွန်၊ လဲ့ယဉ်မွန်၊ သမိုင်း ဦးဘဟန်လမ်းသွယ်(၂)နေ သမီးဝင်းဝင်းမာ(**ရွှေကျွန်းပရိဘောဂ**) တို့အား နှစ်ပေါင်း(၄၀) တိုင်အဆင့်မြင့်ပညာ(M.Sc,B.Sc&BBA)ဘွဲ့ အသီးသီး သင်ကြားကျွေးမွေးပြုစုပျိုးထောင်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့ရရှိသည့် ဝင်ငွေများကိုလည်း မိဘများကိုထောက်ပံ့ခြင်းမပြုစေဘဲ လွတ်လပ်စွာသုံးစွဲခွင့်ပြုခဲ့သည်။ ယခုအခါတွင် ၎င်းတို့အနေဖြင့် မိဘများစိုက်ပျိုးခဲ့သည့် အသီးအပွင့် အကျိုးရလဒ်များ လက်တွေ့ခံစားရလျက်ရှိနေကြပြီဖြစ်သည်။ မိမိဝင်ငွေ၏ အနည်းငယ်မျှကို မိဘများအား ထောက်ပံ့ခဲ့သည့် ကျော်ကျော်နိုင်မှာလည်း မိဘနှင့်အစ်ကိုတို့၏ အမြော်အမြင်ကြီးစွာဖြင့် မြေတောင်မြှောက်ပေးခဲ့မှုကြောင့် လက်ရှိတွင် မြင့်မားသည့်ဘဝအခြေအနေကို ရရှိနေပြီဖြစ်သည်။ ဤအခြေအနေတွင် ၎င်းတို့သည်ကျေးဇူးရှင်မိဘနှင့် မောင်များ၏ အကျိုးစီးပွားပျက်စီးပြီး မိသားစုပြိုကွဲအောင် မိုက်မဲစွာပြုလုပ်ခဲ့ကြသည့်အပြင် သမီး မိန်းကလေးများဖြစ်၍ သည်းခံနေသည်ကို ရောင့်တက်ပြီး မိဘအမွေမခံစားထိုက်သော သွာနုတ္တသားသမီးတို့၏ အမူအကျင့်အလုံးစုံလည်းပြုလုပ်ခဲ့ကြသည့်အတွက် ၎င်းတို့အားလုံးအား ၁၂-၈-၂၀၀၇ ရက် ကပင် အမွေပြတ်စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း **စိတ်မကောင်း စွာဖြင့်** ကြေညာရပါသည်။

ဦးစိန်တိုင်(ခ)ဦးခင်မြင့်(CG-၀၈၆၅၇၈)
အမှတ်၂၀၊ ငါးလွှာ၊မင်္ဂလာလမ်း၊ ကျောက်မြောင်းဈေးအနီး၊ ရန်ကုန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မေတ္တာညွန့်အိမ်ရာ တိုက်အမှတ်(၃) အခန်းအမှတ်(၀၀၄)သည် ယခုလက်ရှိ ဦးကျော်စိုးလွင် ၇/ပတန(နိုင်)၀၇၉၄၀၈ အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဦးကျော်စိုးလွင်ထံမှ ဒေါ်အေးအေးစိုး ၁၂/ဗဟန(နိုင်)၀၂၉၁၀၀ သို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်အေးအေးစိုးမှ တိုက်ခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။ **မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံး၌
၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်-၃၆

ကိုညီညီထွေး	**နှင့်**	၁။ မမြင့်မြင့်သိန်း ၂။ ဦးအေးငြိမ်း ၃။ ဒေါ်စိန်ရင်	အတူနေမိသားစု
တရားလို		**တရားခံများ**	

မ-၃၀၁ ဝဇီယာ(၃)လမ်း၊ စရပ်ကွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ)မမြင့်မြင့်သိန်းသိစေရမည်။

သင့်အပေါ်၌တရားလိုက လင်မယားကွာလိုမှုနှင့်ပစ္စည်းခွဲဝေပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး၊ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၈ ခုနှစ် ဧပြီ ၈ ရက် (၁၃၆၉ ခုနှစ် နှောင်းတန်ခူးလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် မတ် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးကိုကိုဦး(တ/၁၈၂၆)
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

အမည်ပြောင်း

အဖ ဦးကျော်ဦး၏သမီး ညောင်လေးပင်မြို့ အလက ကျောင်း စတုတ္ထတန်း(ခ)မှ မခင်သီတာထွန်းအား မခင်နှင်းစံ ဟု ပြောင်းလဲခေါ်ပါရန်။ **မခင်နှင်းစံ။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၂၀)
ဖားကန့်မြို့နယ်တရားမရုံး၌
၂၀၀၇ခုနှစ်၊ တရားမကြီးအမှုအမှတ်-၈

ဦးဘရန်အောင်	**နှင့်**	ဒေါ်မြရီ
တရားလို		**တရားပြိုင်**

ဖားကန့်မြို့၊ အမှတ်၂/၈၃၊ ဆိပ်မူကျေးရွာနေ ဒေါ်မြရီ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားအဖြစ်မှကွာရှင်းပြတ်စဲမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေ ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ ခုနှစ် မတ်၂၈ရက်(၁၃၆၉ ခုနှစ် တပေါင်း လပြည့်ကျော် ၇ ရက်)မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် မတ်၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ကျော်(တ/၂၂၂၅)
မြို့နယ်တရားသူကြီး၊ ဖားကန့်မြို့နယ်တရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗ/၃၅၃၇ (Toyota Hilux)ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း မှတ်ပုံတင်အမှတ် ၅/တဘန(နိုင်)၀၁၅၉၆၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနားမြို့)။**

ရောင်ခြည်ဦးစာကြည့်တိုက် ကျောက်ဖြူမြို့နယ်၌ဖွင့်

ကျောက်ဖြူ မတ် ၉

ကျောက်ဖြူမြို့နယ် ရွှေညိုမအုပ်စု ချောင်းကြီးဖျားကျေးရွာ ကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော် ဝါရီ ၂၈ ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင် ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအောင်ကျော်စိန်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းထွန်းအောင်နှင့် ရောင်ခြည်ဦး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစံသာလှတို့က ရောင်ခြည်ဦးစာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

စိုက်ထူလှူဒါန်း

ယင်းနောက် ရောင်ခြည်ဦးစာကြည့်တိုက်အတွက် စေတနာရှင်အလှူရှင် ဦးခင်မောင်သန်းက မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် ၆၅ အုပ်၊ ခရိုင်ဦးစီးအရာရှိ ဦးအောင်ကျော်စိန်က စာအုပ်၊ စာစောင် မျိုးစုံ ၇၉ အုပ်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းထွန်းအောင်တို့က ရေဒီယို တစ်လုံးကို ရောင်ခြည်ဦးစာကြည့်တိုက်မှူးထံ အသီးသီးပေးအပ်လှူဒါန်းကြပြီး ချောင်းကြီးဖျား ကျေးရွာသူကျေးရွာသားများက စုပေါင်း၍ ရောင်ခြည်ဦးစာကြည့်တိုက်အတွက် ငွေပဒေသာပင် ကျပ် ၉၁၀၀၀ ကို စိုက်ထူလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဂုဏ်ပြုဆုချီးမြှင့်

ကျောက်တန်းမြို့နယ် အစဲကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၈ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်းမှ ဆဋ္ဌမတန်းအထိ သုံးနှစ်ဆက်တိုက် ပထမရရှိသူ မလွင်မာဦးအား ကျောင်းအုပ်ဆရာကြီး ဦးဇော်မြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၁၅)

ဖေဖော်ဝါရီ ၂ ရက်က မောင်တောမြို့နယ်အောင်မင်္ဂလာကျေးရွာနှင့် ဘဝအလင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံ ဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမောင်အေးထွန်းက ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းမောင်ကြီးထံ စာအုပ်စာစောင်များပေးအပ်လှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

ဟသ်ာတ၌ သစ်သားတံတားတည်ဆောက်

ဟသ်ာတ မတ် ၈

ဟသ်ာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော သမုဒ္ဒရိုး-ခမောင်စု-သစ်သားတံတား(၇၅ x ၁၀ x ၁၇)ပေ ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၂၂ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့်တာဝန်ခံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးငွေဝင်းတို့က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ကျေးရွာတစ်ခွင်
သာစေချင်
မီးတွင်မပေါ့နှင့်

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ လုပ်ငန်းများပိုမိုအောင်မြင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအား ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

တွေ့ဆုံပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ထုတ်ဝေလျက်ရှိသည့် သတင်းစာများကို ကဏ္ဍစုံ၊ ထောင့်စုံ၊ သတင်းစုံ၊ အသွင်အပြင် စုံလင်စွာဖြင့် ပြောင်းလဲထုတ်ဝေလျက်ရှိရာ အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းတွင်ပါ တိုးတက်ကောင်းမွန်လာသဖြင့် ပြည်သူများ၏ လက်ခံအားပေးမှု ပိုမိုရရှိလာကြောင်း၊ ယင်းကဲ့သို့ အောင်မြင်အောင်ဆောင်ရွက်နိုင်မှုမှာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ ဝန်ထမ်းများအားလုံး၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို အသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လုပ်ငန်းများပိုမိုအောင်မြင်စေရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါးအညွှန်း

❒ ဘဝအမောပြေ — စာ-၄

❒ ဘာရိန်းကျွန်း၏ သမိုင်းဖြစ်စဉ် — တိုး၏ သတင်းအက်ဆေး စာ-၅

❒ အဲရစ်ဆင်ခေါ်ယူမည့် မိုက်ကယ်အိုဝင် — မောင်မောင်မြင့်ဆွေ၏ အားကစားဆောင်းပါး စာ-၇

❒ အမှောင်လမ်းတွင် ကျင်လည်ခဲ့သူ ... — ချစ်စိုးနိုင်၏ နိုင်ငံတကာမှုခင်း စာ-၇

ခုပေါင်းကာကွယ် မီးဘေးအန္တရာယ်

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး